# ညွန့်ပေါင်းသတင်းလွှာ

NCGUB

အမှတ် ၅၃
မေ ၂၀၀၉

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။


## ရွေးကောက်ပွဲ ဆိုတာ

နိုင်ငံရေးပါတီအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် အဆင့်ရောက်မှ ၂၀၁၀ ရွေးကောက်ပွဲသို့ ကုလသမဂ္ဂ နှင့် နိုင်ငံတကာလေ့လာသူများ စေလွှတ်သင့်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ (စီအာပီပီ)



က မတ် (၁၁)ရက်တွင် သဘောထားထုတ်ဖော်လိုက်သည်။ စီအာပီပီ အတွင်းရေးမှူး ဦးအေးသာအောင်က *“၂၀၀၈ ခု ဖွဲ့စည်းပုံကို ပြင်ပြီးမှ အားလုံးပါဝင်တဲ့ ရွေးကောက်ပွဲဆိုရင်တော့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက တရားမျှတသလား၊ လွတ်လပ်သလား၊ ဒီမိုကရေစီအခွင့်အရေးတွေ ရှိသလား ဆိုတာတွေကို စောင့်ကြည့်တာဟာ နည်းလမ်းကျတယ်”* ဟုပြောသည်။

နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲကို လေ့လာသူများစေလွှတ်မည်ဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီက ပြောဆိုနေပြီး ယင်းကမ်းလှမ်းမှုကိုလက်ခံမည်ဟု နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်



ကြီးသိန်းစိန်ကလည်း အာဆီယံထိပ်သီးအစည်းအဝေးတွင် သွယ်ဝိုက်ပြောခဲ့သည်။

ဦးဝင်းတင်။ ။ *NLD အနေနဲ့ ကျနော်ပြောရမယ်ဆိုလို့ရှိရင်တော့ ကျနော်တို့ကြေညာထားတဲ့ အတိုင်းပါဘဲ၊ ဒီအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ပါ၊ ရေးဆွဲပါ၊ အဲဒါမလုပ်မချင်းကတော့ ရွေးကောက်ပွဲကိစ္စကို ကျနော်တို့က တစုံတရာပြောဆို ဆွေးနွေးခြင်း ဘာမှမလုပ်ပါဘူးဆိုတာ ကျနော်တို့က ပြောထားပြီးသားဖြစ်ပါတယ်။ ကျနော်တို့ရဲ့ လုပ်ငန်းအစီအစဉ်ထဲမှာတော့ ရွေးကောက်ပွဲကတော့ မပါဘူးခင်ဗျ။ ... NLD ထဲမှာ အခြေခံဥပဒေနဲ့ပတ်သက်လို့ ကျနော်တို့က ချဉ်းကပ်ပုံနှစ်မျိုး ဖြစ်နေပါတယ်။ တမျိုးကတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို တစုံတရာလေးစားလိုက်နာခြင်း မပြုသ၍ နောက်ထပ်အခြေခံဥပဒေတခုဆိုတာကို ကျနော်တို့က အသိအမှတ်မပြုဘူးဆိုတဲ့ ချဉ်းကပ်ပုံတမျိုးနဲ့ နောက်တမျိုးကတော့ ဒီအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပါ၊ ပြန်လည်ပြင်ဆင်ပါ၊ ပြန်လည်ရေးဆွဲပါ၊ အဲဒါရေးဆွဲဖို့အတွက် လွှတ်တော်ခေါ်ပါဆိုတဲ့ ချဉ်းကပ်ပုံနှစ်မျိုးရှိပါတယ်။... အဲဒါကို ပြည်တွင်းက သတင်းစာဆရာအချို့ကနေပြီးတော့ NLD ထဲမှာ... ရွေးကောက်ပွဲဝင်ဖို့ဂိုဏ်းနဲ့ မဝင်ဖို့ဂိုဏ်း ကွဲလွဲနေတယ်ဆိုပြီး လျှောက်ပြီးတော့ မဟုတ်မမှန်ရေးသားတဲ့အတွက်ကြောင့် ပေါ်ပေါက်လာတဲ့သတင်းတွေပေါ့ခင်ဗျာ။ ဒါမဟုတ်ပါဘူး။ ဘယ်တော့မှ ဒီရွေးကောက်ပွဲဝင်ဖို့ မဝင်ဖို့ဆိုတာ NLD ထဲမှာ လုံးဝကိုမရှိဘူး။... ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ တစုံတရာ ညွှန်ကြားခြင်း၊ ဆွေးနွေးခြင်း၊ စီမံခြင်းလုံးဝ မလုပ်ပါဘူး။...*

*ဇွတ်အတင်းကျင်းပမယ်ဆိုရင် ဒီဖက်မှာရှိတဲ့ နိုင်ငံရေးအင်အားစုအများစုက ဒီရွေးကောက်ပွဲမှာ ပါဝင်စရာအကြောင်းမရှိဘူးခင်ဗျ။ အဲဒီလိုဆိုရင် ကမ္ဘာကလဲ ပြောနေတယ်၊ နောက်တခါ NLD ကလဲပြောနေတယ်။ နောက်တခါ စစ်အစိုးရကိုယ်တိုင်ကလဲပြောနေတဲ့ ဒီ all-*

(စာမျက်နှာ ၄ သို့)

## နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေး




မတ် (၈)ရက် နိုင်ငံတကာအမျိုးသမီးနေ့တွင် အမျိုးသမီးများအဖွဲ့ချုပ်-မြန်မာနိုင်ငံ (WLB) က အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ၈၈ မျိုးဆက်ကျောင်းသူ မနီလာသိန်း၊ မမီးမီး၊ လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေး၊ ရခိုင်အမျိုးသမီး မနီနီနေမြင့်စသည်တို့ လွတ်မြောက်ရေးကို တောင်းဆိုသည့် အခမ်းအနားများ၊ လှုပ်ရှားမှုများ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ပြုလုပ်ခဲ့သည်။

နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ကမ္ဘာလုံးဆိုင်ရာလက်မှတ်ရေးထိုးလှုပ်ရှားမှုကို မတ် (၁၃)ရက် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့မှစ၍ (၇၃)ရက်ကြာ ဆောင်ရွက်ခဲ့သည်။ လက်မှတ်ပေါင်း ၈၈၈၈၈၈ ရအောင်စည်းရုံးမည့် ဤလှုပ်ရှားမှုကို မြန်မာနိုင်ငံဒီမိုကရေစီအင်အားစု (အက်ဖ်ဒီဘီ) နှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း-

(စာမျက်နှာ ၉ သို့)

ယ ခု လ ဖတ် စ ရာ


| | |
|---|---|
| သတင်းလွှာအာဘော် (၂၀၁၀ ထောင်ချောက်) | ၂ |
| အာဆီယံဖိုအား | ၂ |
| ဥပဒေချိုးဖောက် စစ်အုပ်စု | ၃ |
| မြန်မာ့စီးပွား | ၃ |
| အမေရိကန် -မြန်မာဆက်ဆံရေး | ၄ |
| စီးပွားရေးပိတ်ဆို့မှု အများကြီးလိုသည် | ၅ |
| မီးတောက်မီးလျှံ | ၆ |
| ဩော် ...နအဖ | ၇ |
| သူတို့စကား | ၈ |
| ဖြစ်ရပ်မှန် | ၈ |
| လူသတ် | ၁၂ |
| မင်းမဲ့ | ၁၂ |

# ၂၀၁၀ ရွေးကောက်ပွဲ ထောင်ချောက်အတွင်း မကျဆင်းရေး

လွန်ခဲ့သည့် ၂၀၀၇ မေလအတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြည်သူလူထုဒုက္ခရောက်နေချိန်တွင် နအဖ က ဖိနှိပ်ခြိမ်းခြောက်လျှက် တဖက်သတ် "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ"ကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၇) ကို အတည်ပြုလိုက်သည်။ ယင်းအခြေခံဥပဒေသည် ၁/၉၀ ကြေညာချက်တွင် ဖော်ပြခဲ့သလို ၁၉၉၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲသည့် အခြေခံဥပဒေမဟုတ်ပေ။ အလိုတော်ရိညီလာခံကိုယ်စားလှယ်များဖြင့် အာဏာရှင်အကြိုက် ရေးဆွဲထားသော အခြေခံဥပဒေဖြစ်သည်။ "နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်ရမည်" ဟူသော ဒီမိုကရေစီအခြေခံမူနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသည့် အခြေခံဥပဒေဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုခပ်သိမ်းအား လွတ်လပ်ရေး၊ တရားမျှတရေးနှင့် တန်းတူညီမျှ အခြေခံအခွင့်အရေးများပေးရန် မျက်ကွယ်ပြုလျှက်၊ စစ်အာဏာရှင်လူတစုကို အကာအကွယ်ပေးထားကြောင်း ထင်ရှားစွာတွေ့ရသည်။

ထို နာဂစ်အခြေခံဥပဒေဖြင့် ၂၀၁၀ ရွေးကောက်ပွဲဆက်လက်ကျင်းပမည်ဟု နအဖ က မရှက်မရွံ့ပြောနေသည်။ ထိုရွေးကောက်ပွဲကို ပြည်သူလူထုက အသာတကြည်ခွင့်ပြုခဲ့လျှင် စစ်တပ်စိတ်တိုင်းကျလွှတ်တော်များပေါ်လာပေမည်။ စစ်တပ်ကိုယ်စားလှယ်များက လွှတ်တော်အဆင့်ဆင့်တွင် ၂၅ ရာခိုင်နှုန်း သပိတ်ဝင်အိပ်ဝင်ယူထားမည်။ ထို့အပြင် ကျန်မဲဆန္ဒနယ်များတွင်လည်း အရပ်ဝတ်လဲထားသည့်စစ်ဗိုလ်များနှင့် စစ်တပ်အလိုတော်ရိများ နေရာရအောင် စစ်တပ်က အောက်လမ်းနည်းများသုံးလိမ့်မည်။ ပါလီမန်တွင် စစ်တပ်က ၅၀ ရာခိုင်နှုန်းထက်မက ရအောင်လုပ်လိမ့်မည်။ ထို့ပြင် စစ်ဗိုလ်သမတ၊ စစ်ဗိုလ်ဝန်ကြီးများကသာ ကြိုးကိုင်တော့မည်။ထိုအသွင်ပြောင်းစစ်အစိုးရအောက်တွင် လွတ်လပ်ရေး၊ တရားမျှတရေးနှင့် တန်းတူညီမျှရေးတို့ကို အိပ်မက်ပင်မက်ခွင့်ပြုမည်မဟုတ်။

စစ်ဦးစီးချုပ်က အာဏာသုံးရပ်အထက်၌ရှိမည်။ စစ်ဦးစီးချုပ်၏ ဆုံးဖြတ်ချက်များကို လွှတ်တော်တို့က အတည်ပြုပေးရမည်။ နိုင်ငံတော်သမတကိုလည်း စစ်ဦးစီးချုပ်ကသာ ခန့်မည်ဖြစ်သည်။ အစိုးရအဖွဲ့တွင် အရေးကြီးဝန်ကြီးရာထူးများကိုလည်း စစ်တပ်ကိုယ်စားလှယ်များအားပေးရမည်။ ရှေ့နေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်ရာထူးများကိုလည်း စစ်တပ်စိတ်တိုင်းကျခန့်မည်ဖြစ်သည်။ ဤသို့ဖြင့် စစ်ဦးစီးချုပ်သည် ဥပဒေ၏အထက်တွင်ရှိနေမည်။ အဖွဲ့ဝင်(၁၁)ဦးပါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုသည်ကလည်း စစ်ဦးစီးချုပ်အလိုကျသူများနှင့်ဖွဲ့ပေလိမ့်မည်။ ထို့ကြောင့် အချိန်မရွေး စစ်ဦးစီးချုပ်က အရေးပေါ်အခြေအနေကြေညာနိုင်သည်၊ အာဏာသိမ်းနိုင်သည်။ ၂၀၀၇ ဖွဲ့စည်းပုံကို လွှတ်တော်ထဲရောက်မှပြင်ရန် စိတ်ကူးမယဉ်သင့်။ ဖွဲ့စည်းပုံပြင်လိုလျှင် လွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းက ပြင်ဆင်ချက်မူကြမ်းတင်ရမည်။ လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံရမည်။ လူထုဆန္ဒခံယူပွဲ၌ ၅၀ ရာခိုင်နှုန်းကျော်ထောက်ခံမဲရရှိမည်။ သို့မှသာ ပြင်ဆင်ခွင့်ရမည်။ သဘောမှာ ဤအခြေခံဥပဒေကို နောက်ထပ်ဆယ်စုနှစ် ၂ ခု ၃ ခုအတွင်း ပြင်ဆင်၍ရနိုင်တော့မည်မဟုတ်။ သို့ဆိုလျှင် မြန်မာနိုင်ငံသည် စစ်ကျွန်ဆက်ဖြစ်ရဦးမည်၊ အာရှဒေသတွင်း၌ ဓားမနောက်ပိတ်ခွေးဖြစ်နေရဦးမည်။

ထို့ကြောင့် ယခုတလော ၂၀၁၀ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် စစ်အာဏာရှင်တို့က ကြေးစားအဖွဲ့များ၊ လူမိုက်များကို အသုံးပြုစည်းရုံးလှုပ်ရှားနေပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုမူ စည်းရုံးလှုပ်ရှားခွင့် ဟန့်တားထားသည်။ အဖွဲ့ချုပ်အဖွဲ့ဝင်များကို မတရားဥပဒေပုဒ်မများတပ်၍ ဖမ်းဆီးခြင်း၊ အုပ်စုဖြင့်ရိုက်နှက်ခြင်းဖြင့် ပြည်သူလူထုကြောက်ရွံ့လာအောင် ခြိမ်းခြောက်လျှက်ရှိသည်။ ဤ လက်ငင်းဖြစ်ရပ်များကိုထောက်ရှုလျှင် ယခုကတည်းက ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်မှုနှင့်တရားမျှတမှု မရှိကြောင်းပေါ်လွင်နေသည်။ ယုံကြည်အားထားနိုင်သည့်အခြေအနေမျိုး မဟုတ်ပေ။

ထို့ကြောင့် ယနေ့မြန်မာနိုင်ငံပြည်သူလူထုအဖို့ မိမိကိုယ်ကို မိမိအားပြုကြရပေမည်။ ဒီမိုကရေစီအခြေခံမူနှင့် နိုင်ငံသားအခြေခံရပိုင်ခွင့်များကို ပြန်လည်ရယူရန်လည်း လိုသည်။ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ တဖက်သတ်ရေးဆွဲထားသော (၂၀၀၇) နအဖဖွဲ့စည်းပုံအခြေခံဥဒေအား ဒီမိုကရေစီနည်းကျပြန်လည်သုံးသပ်ရန် ပြည်သူလူထုတရပ်လုံးက ညီညွတ်စွာ တောင်းဆိုရပေမည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရန် အထူးလိုအပ်နေပေသည်။ စစ်အာဏာရှင်စနစ်အောက်တွင် အဖက်ဖက်မှ ယိုယွင်းလျှက်ရှိသော မြန်မာနိုင်ငံအား ပြန်လည်ထူထောင်နိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများအနေဖြင့် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲထောင်ချောက်အတွင်း မဝင်မိရန် သတိရှိကြရပေမည်။ ယင်းအစား သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်ရေးနှင့် ဖွဲ့စည်းပုံပြန်လည်သုံးသပ်ရေးကိုသာ တိုးတက်တောင်းဆိုကြရမည့်အချိန်ဖြစ်သည်ဟု ၁၃၇၁ ခုနှစ် မြန်မာ့မင်္ဂလာနှစ်သစ်အခါသမယတွင် ညွန့်ပေါင်းသတင်းလွှာက သတိပေးနှိုးဆော်လိုက်ရပေသည်။ ။

# နိုင်ငံတကာ သွေးစည်းရေး

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စကော့တလန် ဂလပ်စဂို မြို့တော်ကောင်စီက မတ် (၄)ရက်တွင် လွတ်လပ်မှုဂုဏ်ထူးဆောင်ဆု Freedom of the City of Glasgow ချီးမြှင့်ရာ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းတက်ရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဆုလက်ခံခဲ့သည်။ ဤဆုပေးရန် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနှင့် ဂလပ်စဂိုအမျိုးသမီးစာကြည့်တိုက်တို့က အဆိုပြုထောက်ခံခဲ့ခြင်းဖြစ်သည်။ ယခင်ကလည်း တောင်အာဖရိကခေါင်းဆောင် နယ်ဆင်မန်ဒဲလားကို ထောင်ထဲရှိစဉ် ချီးမြှင့်ခဲ့ဖူးသည်။

# အာဆီယံ ဖိအား

မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ သက်ဆိုင်ရာအဖွဲ့အားလုံး ပါဝင်ခွင့်ပေးရန် နအဖဝန်ကြီးချုပ်ကို အာဆီယံအဖွဲ့က မတ် (၁)ရက်၌ တိုက်တွန်းလိုက်သည်။ ထိုင်းနိုင်ငံ ဟွာဟင်းတွင် ကျင်းပသည့် အာဆီယံအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက ယခုလို တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ လမ်းပြမြေပုံ အကောင်ထည်ဖော်ရာမှာ ဒီမိုကရေစီကို ဦးတည်ရေး၊ သက်ဆိုင်ရာနိုင်ငံရေးအဖွဲ့အားလုံး ပါဝင်ခွင့်ပေးရေး၊ နိုင်ငံရေးအကျဉ်းသားများလွှတ်ရေးတို့ကို အာဆီယံက နအဖကိုယ်စားလှယ်အား ပြောခဲ့သည်။

စင်္ကာပူဝန်ကြီးချုပ် လီရှန်လွန်းကလည်း စင်္ကာပူရောက် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ကို မြန်မာအတိုက်အခံအဖွဲ့အပါအဝင် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂတို့နှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်ရန် မတ်(၁၇)ရက်တွင် တိုက်တွန်းလိုက်သည်။ ကမ္ဘာ့နိုင်ငံများ လတ်တလောငွေကြေးအကျပ်အတည်းဆိုက်ရောက်နေချိန်၊ အကျပ်အတည်းကျော်လွှားရေးအတွက် ထိရောက်သည့်နည်းလမ်းများ ရှာကြံနေချိန်သည် နအဖစစ်အုပ်စုအတွက် အချိန်ကောင်းဖြစ်သည်ဟု စင်္ကာပူဝန်ကြီးချုပ်က မြန်မာဝန်ကြီးချုပ်ကိုပြောခဲ့သည်။ ♦

သတင်းများကို ဒီဗွီဘီ၊ ဗွီအိုအေ၊ အာအက်ဖ်အေ၊ ဘီဘီစီ၊ ခေတ်ပြိုင်၊ ရိုးမ၃၊ FBR ၊ IMNA ၊ နိရဉ္စရာ၊ မဇ္ဈိမ၊ ရောဝတီ၊ ရှမ်းသံတော်ဆင့်၊ ကန္တာရဝတီတိုင်းမ်၊ ပြည်တွင်းသတင်းဂျာနယ်များနှင့် အင်တာနက်တို့မှ ရယူပါသည်။

# ဥပဒေချိုးဖောက်နေသော စစ်အုပ်စု



ဒေါ်အောင်ဆန်းစုကြည်ကို အကျဉ်းချ ထားခြင်းသည် မြန်မာနိုင်ငံဥပဒေကိုလည်းကောင်း၊ နိုင်ငံတကာ ဥပဒေများကိုလည်းကောင်း ချိုးဖောက်နေခြင်းဖြစ်သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ လက်အောက်ရှိ ဥပဒေအဖွဲ့အစည်းဖြစ်သော တရားမဲ့ဖမ်းဆီး ထိန်းသိမ်းမှု အရေးယူရေးလုပ်ငန်းအဖွဲ့ UN Working Group on Arbitrary Detention (UNGAD) က မတ် (၂၄)ရက်တွင် ပထမဆုံးအကြိမ် ဆုံးဖြတ်ကြေညာလိုက်သည်။

ယခင်ကမူ ဤသို့ထိန်းသိမ်းခြင်းသည် နိုင်ငံတကာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့က (၅)ကြိမ် ကြေညာခဲ့ပြီးဖြစ်သည်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အစိုးရက ပြီးခဲ့သော (၁၉)နှစ်အတွင်း (၁၃)နှစ် ဖမ်းဆီးအကျဉ်းချခဲ့သည်။

*"ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးတဲ့အကြောင်းရင်း မခိုင်လုံဘူး၊ ခြွင်းချက်မရှိ ချက်ချင်းလွှတ်ရမယ်"* ဟု အဆိုပါအဖွဲ့ကြေညာချက်တွင် ဖော်ပြထားသည်။ ဤအဖွဲ့က မင်းကိုနိုင်၊ မင်းဇေယျ၊ ကိုဂျင်မီ၊ ကိုပြုံးချို စသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ခွန်ထွန်းဦး၊ ဦးအုန်းသန်း တို့ကို အကျဉ်းချထားမှုမှာလည်း မြန်မာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အလားတူဆုံးဖြတ်ပြီး ခြွင်းချက်မရှိ ချက်ချင်းလွှတ်ရန် တောင်းဆိုလိုက်သည်။

ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီကလည်း ကြံ့ဖွံ့အသင်းဖွဲ့စည်းတည်ရှိနေမှုသည် မြန်မာနိုင်ငံဥပဒေများကို ဖောက်ဖျက်ကျူးလွန်နေသဖြင့် ဖျက်သိမ်းရမည်ဟု မတ် (၃၁)ရက်တွင် ယခုလို ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်လိုက်သည်။ *"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နာယက အပါအဝင် အသင်းဝင်များထဲတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများ ပါဝင်လျက်ရှိသောကြောင့်လည်းကောင်း၊ စစ်အုပ်စု စစ်အာဏာရှင်စနစ်၏ တိုက်ရိုက်ဩဇာခံအသင်းအဖွဲ့ဖြစ်နေသောကြောင့်လည်းကောင်း၊... ၁၉၈၈ ခုနှစ်*

(စာမျက်နှာ ၉ သို့)

# မြန်မာ့ စီးပွားရေး

နအဖ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ မတ် (၁၉)ရက်အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုဋ္ဌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၅၀၅ ရှိခဲ့ရာမှ ၂၀၀၈ခု ပထမ (၁၁)လအတွင်း အမေရိကန်ဒေါ်လာ ၉၇၅ သန်းအထိ နှစ်ဆနီးပါး တိုးတက်လာကြောင်း ဆိုထားသည်။

၂၀၀၈ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုများထဲတွင် သတ္တုတူးဖော်ရေးဋ္ဌ ၈၈ ရာခိုင်နှုန်းကျော်ပြီး တရုတ်နိုင်ငံ၏ သတ္တုတွင်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၈၅၅.၉၉ သန်းရှိနေသည်။ ထို့ပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရင်းနှီးမြှုပ်နှံမှုဋ္ဌ ရုရှားက ဒေါ်လာ ၉၄ သန်း၊ ဗီယက်နမ်က သန်း ၂၀ ပါဝင်နေသည်။

မြန်မာနှင့်နိုင်ငံတကာကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၁.၄၉၂ ဘီလျံ ရှိခဲ့ပြီး နိုင်ငံခြားသို့တင်ပို့မှု ဒေါ်လာ ၇.၁ ဘီလျံ၊ ပြည်တွင်းသို့တင်သွင်းမှု ဒေါ်လာ ၄.၃ ဘီလျံနှင့် ပိုလျှံတန်ဖိုး ဒေါ်လာ ၂.၇ ဘီလျံရှိသည်ဟုဆိုထားသည်။ အဓိကတင်ပို့ကုန်မှာ သဘာဝဓာတ်ငွေ့ဖြစ်ပြီး ၂၀၀၈ ခုတွင် အမေရိကန်ဒေါ်လာ ၂.၅ ဘီလျံရှိခဲ့သည်။



နအဖအစီရင်ခံစာပါ စီးပွားရေးအခြေအနေကို အမျိုးသားညွန့်ပေါင်းအစိုးရ စီးပွားရေးပညာရှင် ဦးစိန်ဌေးက ယခုလို ပိုင်းခြားသုံးသပ်သည်။ *"နိုင်ငံခြားငွေရလာတိုင်း တိုင်းပြည်ကြီးဟာ တိုးတက်ပါပြီလို့ ပြောဖို့ခက်တယ်။ အဲဒီ ရလာတဲ့ငွေကို ဘယ်လိုသုံးလဲဆိုတာ တအားအရေးကြီးတယ်။ ၁ အချက် အဲဒီက အရင်းအနှီးဝင်လာတာသည် ကမ္ဘာမှာ စီးပွားပျက်ကပ်မဆိုက်ခင် လေးငါးခြောက်လလောက်က အရင်းအနှီးတွေဖြစ်တော့ အဲဒီအင်းပက် (အကျိုးသက်ရောက်မှု) မဝင်ခင်မှာ ဝင်တယ်။ ဒါကြောင့် နည်းနည်းများတယ်။ အဲဒီက ဝင်လာတဲ့အရင်းအနှီးသည် သတ္တုကဏ္ဍရယ်၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍရယ် ကဏ္ဍနှစ်ခုဘဲဝင်တာ ဖြစ်တယ်။ အဲဒီကဏ္ဍတွေပြန်ကြည့်တော့ ဗမာနိုင်ငံမှာ အရပ်စကားပြောရင် ဆူလွယ်နပ်လွယ်ဖြစ်တဲ့ ကဏ္ဍတွေဖြစ်နေတယ်။ ဗမာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်တယ်။ အခုဝင်လာတဲ့အရင်းအနှီးသည် စိုက်ပျိုးရေးကဏ္ဍအတွက် တပြားတချပ်မှမပါဘူး။ ဗမာနိုင်ငံသည် တောင်သူလယ်သမား အများစုနေတဲ့နိုင်ငံဖြစ်တယ်။ တောနေလူတန်းစားက ၈၀ ရာခိုင်နှုန်း၊ လူ ၁၀၀ ရှိရင် ၂၀ လောက် မြို့နေတာ။ လယ်ယာကဏ္ဍ စိုက်ပျိုးရေး၊ တောင်သူလယ်သမား။ ဒီလူတွေရဲ့ဘဝအတွက်လာပြီး ရင်းနှီးမြှုပ်နှံတာ မဟုတ်ဘူး။ အများစုလုပ်တဲ့လုပ်ငန်းမှာ လာပြီးရင်းနှီးမြှုပ်နှံမှ တိုင်းပြည်စီးပွားတိုးတက်မှာဖြစ်တယ်။ ဒ့ါကြောင့် လက်ငင်းမှာလဲ တိုင်းပြည်၊ ပြည်သူလူထုအတွက် အကျိုးရှိမှာမဟုတ်သလို နောင်တိုင်းပြည်တိုးတက်ဖို့အတွက် အခက်အခဲရှိတယ်။...*

*"- စီးပွားရေးအရ တိုးတက်နေတယ်၊ ဒို့နိုင်ငံမှာလာပြီး လုပ်လို့ရှိရင်လဲ အကျိုးအမြတ်တွေရှိလို့ နိုင်ငံတကာက ငါတို့နိုင်ငံကို ဆက်ဆံနေတယ်ကွ၊ တကမ္ဘာလုံးမှာ စီးပွားပျက်ကပ်ဆိုက်တဲ့အချိန်မှာ ငါတို့ကိုမထိဘူးကွ။ - ဗမာနိုင်ငံဒီလောက်စီးပွားရေး ဒုက္ခရောက်ပြီးနေတာကို ဂဏန်းအားဖြင့်လိမ်တဲ့လူတွေဆိုတော့ ဒါ ကြွားလိုက်တာဘဲ။ လေလုံးထွားတာပေါ့ဗျာ။ တကယ်တမ်း တိုင်းပြည်အတွက် အကျိုးရှိရှိလုပ်စေချင်ရင် နှစ်စဉ်ဝင်နေတာဘဲ၊ မနှစ်ကဆိုရင် ၂၀၀၈ မှာ သန်းသုံးထောင်ရတယ်၊ နာဂစ်အတွက်သုံးပါလား၊ မသုံးဘူး။ ကမ္ဘာကို လက်ဖြန့်တယ်ဆိုကတည်းကိုက နအဖသည် တကယ်တော့ ပြည်သူ့အတွက်မလုပ်ဘူး၊ သူတို့သက်ဆိုးရှည်ဖို့အတွက် လုပ်နေတယ်ဆိုတာ အဖြေထွက်နေပြီ။"* ♦

# အမေရိကန်–မြန်မာဆက်ဆံရေး ပုံစံသစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ အမေရိကန်သံအရာရှိ စတီဖင်ဘလိတ်တို့ မတ် (၂၅)ရက်နေ့လည်က ရန်ကုန်ရှိ ရုံးချုပ်တွင် တွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာ့နိုင်ငံရေးအခြေနေ တိုးတက်ရေးအတွက် အမေရိကန်အစိုးရက နအဖစစ်အစိုးရနှင့် တိုက်ရိုက်ဆွေးနွေးခြင်းကို အဖွဲ့ချုပ်က ထောက်ခံလိုက်သည်။ အမေရိကန်သံအရာရှိသည် (၂၆)ရက်တွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ(စီအာပီပီ) အတွင်းရေးမှူး ဦးအေးသာအောင်၊ မွန်တိုင်းရင်းသားခေါင်းဆောင် နိုင်ငွေသိန်း၊ နိုင်ထွန်းသိန်းတို့ကို တွေ့ဆုံဆွေးနွေးခဲ့သည်။ ဦးအေးသာအောင်က "၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်




သက်လို့ စီအာပီပီရဲ့သဘောထား၊ တိုင်းရင်းသားပါတီများရဲ့ သဘောထားကိုမေးတယ်။ အမေရိကန်ရဲ့ စီးပွားရေးပိတ်ဆို့တဲ့ကိစ္စကို ကျနော်တို့က အစိုးရနဲ့ ပတ်သက်တဲ့ ကုမ္ပဏီတွေကို ထိခိုက်ပြီးတော့ သာမန်ပြည်သူတွေကိုမထိခိုက်တဲ့ ပိတ်ဆို့မှုမျိုးကို ပြောင်းလဲချင်တဲ့သဘောကို ရှင်းပြတယ်" ဟုပြောသည်။

စစ်တပ်အာဏာသိမ်းသည့် ၁၉၈၈ မှစပြီး အမေရိကန်က မြန်မာနိုင်ငံနှင့် သံအမတ်အဆင့် သံတမန်အဆက်အသွယ်ကို ရုပ်သိမ်းခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က နအဖအစိုးရအပေါ် စီးပွားရေးပိတ်ဆို့မှု မအောင်မြင်သဖြင့် အခြားနည်းနှင့် ချဉ်းကပ်မည်ဟု အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အီးယူ (ဥရောပသမဂ္ဂ) သံအမတ် ပီယဲရိုဖာစီနီကလည်း နအဖဘက်မှ အပြုသဘော ပြောင်းလဲတိုးတက်မှုများပြနိုင်ပါက စီးပွားရေးပိတ်ဆို့မှုကို ရုတ်သိမ်းရန်အသင့်ရှိကြောင်း သတင်းထောက်များကိုပြောခဲ့သည်။ ♦

---

(ရွေး ကောက်ပွဲ မှ)

*inclusive* ပေါ့ဗျာ၊ အားလုံးအင်အားစုများပါဝင်ရေး ဆိုတဲ့ ဒီမျှော်မှန်းချက်ကြီးဟာ လုံးဝပြိုကွဲသွားမှာဘဲ၊ ဒီရွေးကောက်ပွဲကြီးဟာ ဘာမှအဓိပ္ပာယ်ရှိတဲ့ ရွေးကောက်ပွဲ မဟုတ်တော့ဘူး။... နောက်တခုကတော့ ရွေးကောက်ပွဲသာ ဇွတ်အတင်းကျင်းပမယ်ဆိုရင် ရွေးကောက်ပွဲအလွန် မြန်မာပြည်ရဲ့ နိုင်ငံရေးအခြေအနေဟာ အလွန်ကိုဆိုးရွားတဲ့ အခြေအနေကို ရောက်သွားမယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီရွေးကောက်ပွဲအလွန်ကာလမှာ နိုင်ငံရေးပြဿနာတွေကို လုံးဝမဖြေရှင်းနိုင်တဲ့အတွက် ပြည်တွင်းမှာရှိတဲ့ NLD လို နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့စည်းတွေလို နိုင်ငံရေးအင်အားစုများ စသည့် နိုင်ငံရေးအင်အားစုများ အမြင်အရကတော့ ဘာမှကို နိုင်ငံရေးပြဿနာတွေကို မရှင်းနိုင်တဲ့ရွေးကောက်ပွဲကို ကျနော်တို့က ဘယ်လိုမှကို သည်းညည်းခံနေမယ့် အနေထားမျိုးရှိမှာ မဟုတ်ဘူးလို့ ကျနော်တို့ပြောနိုင်တယ်။ နောက်တချက်က ဘာလဲဆိုလို့ရှိရင် ကမ္ဘာ့အနေနဲ့ကလဲ ဘာမှအသိမှတ်ပြုခြင်း ဒါမှမဟုတ် ချီးကျူးထောပနာပြုလောက်အောင် အနေအထားမျိုးမရှိတဲ့အတွက် ကျင်းပတဲ့ရွေးကောက်ပွဲကို အသိမှတ်မပြုသလို နောက်တက်လာမယ့်အစိုးရကိုလဲ ကမ္ဘာ့အဖွဲ့အစည်းများကနေပြီးတော့၊ ကမ္ဘာ့နိုင်ငံကြီးများကနေပြီးတော့ အသိမှတ်ပြုခြင်းတို့ ထောက်ခံပေးခြင်းတို့ဆိုတာတွေ မရှိနိုင်ဘူး။ အဲဒီတော့ တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာတွေကို မဖြေရှင်းပေးနိုင်ဘူး။ စီးပွားရေးပြဿနာတွေကို မဖြေရှင်းပေးနိုင်ဘူး။ လူထုရဲ့ခံစားချက်ကိုလဲ ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ နောက်တခါ ဒီ နောက်အစိုးရဟာလဲ ဒီစစ်အစိုးရကနေပြီး မွေးထုတ်လိုက်တဲ့ အစိုးရဘဲဖြစ်နေတဲ့အတွက် နိုင်ငံရေးအင်အားစုများအပါအဝင် ပြည်သူများခံစားနေရတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာတွေကလဲ ဘာမှဖြေရှင်းနိုင်မှာမဟုတ်ဘူးလို့ ဒါပြောလို့ရပါတယ်။ နောက်တချက်ကတော့ ပိုပြီးတော့အရေးကြီးတဲ့ဟာတခုကတော့... စာဓောင်တခုမှာ... ထောက်ပြတာဆိုလို့ရှိရင်... ဒီလိုသာဇွတ်အတင်းလုပ်မယ်ဆိုလို့ရှိရင်... ပြည်တွင်းစစ်လို အနေအထားမျိုးအထိ အတင်းတွန်းပို့ရာရောက်လိမ့်မယ်ဆိုတဲ့ဟာ တွေ့ရပါတယ်။... အကောင်းဆုံးကတော့ ကျင်းကို မကျင်းပဖို့ဘဲ။...

ကျနော်တို့ ဒီနေ့ ကြုံတွေ့နေရတာကတော့ ရွေးကောက်ပွဲနဲ့ ကျနော်တို့အကြား၊ ရွေးကောက်ပွဲနဲ့ ပြည်သူများအကြား၊ ရွေးကောက်ပွဲနဲ့ နိုင်ငံရေးအင်အားစုများအကြားမှာ ဒီစစ်အစိုးရရဲ့ စစ်ကျွန်ဇာတ်သွင်းမယ့် အခြေခံဥပဒေ ဆိုတာကြီး ဖြစ်နေတယ်။.. အဲဒါကြောင့် ကျနော်ကတော့ ဘယ်လောက်တောင်ပြောချင်လဲဆိုရင်တော့ ဒီရွေးကောက်ပွဲကို ရွှေ့ဆိုင်းပစ်ပါလို့။ ဒါမှ ကျနော်တို့ (နိုင်ငံရေး)ဖြေရှင်းဖို့ အချိန်ရပါလိမ့်မယ်။ တိုင်းပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုများ ဒီတိုင်းရင်းသားအင်အားစုများကော အပစ်ရပ်အင်အားစုများရော နောက်ပြီးတော့ ခွန်မြင့်ထွန်းပြောခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားများရဲ့ သဘောဆန္ဒများကို လေးစားတဲ့သဘောအနေနဲ့ ဒီဟာတွေအကုန်လုံးဖြေရှင်းဖို့ ဒီရွေးကောက်ပွဲဆိုတဲ့ဟာကြီး ရွှေ့ဆိုင်းပစ်ပါလို့ ကျနော်ပြောချင်တယ်။

ခွန်မြင့်ထွန်း။ ။ ကျနော်တို့ ဒီပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေတင် မကပါဘူးခင်ဗျ။ ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီကော၊ ညွန့်ပေါင်းအစိုးရကော၊ တိုင်းရင်းသားလူမျိုးများကောင်စီ အပါအဝင်ပေါ့လေ... ကျင်းပခဲ့တဲ့ မဟာဗျူဟာညှိနှိုင်းရေးအစည်းဝေးပွဲတွေရဲ့ ဆုံးဖြတ်ချက်ရလဒ်ကတော့ နအဖကျင်းပမယ့်ရွေးကောက်ပွဲကို လက်မခံဘူးဆိုတာပါဘဲ။ အဓိက ကတော့ ကျနော်တို့ အဲဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျနော်တို့ အသိအမှတ်မပြုဘူး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒီနာဂစ်မုန်တိုင်းကာလလိုမျိုး လူထုကို အနိုင်အထက်ပြုကျင့်ပြီးတော့မှ မတရားအတည်ပြုခဲ့တာဖြစ်တယ်။ နအဖ ကျင်းပမယ့်ရွေးကောက်ပွဲကလဲ အဲဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီးကျင်းပမှာဖြစ်တဲ့အတွက် နအဖကျင်းပမယ့်ရွေးကောက်ပွဲကို ကျနော်တို့က လက်မခံဘူး။ ၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ ကျင်းပတဲ့ရွေးကောက်ပွဲကို ကျနော်တို့ လက်မခံဘူးဆိုတာ ဒီမှာရှိတဲ့ အင်အားစုတွေအားလုံးရဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။...

ဒီရွေးကောက်ပွဲဝင်ဖို့ပြင်ဆင်နေတဲ့ ကျနော်တို့ညီအစ်ကိုတွေကို ကျနော်ပြောချင်တာကတော့ အများလက်ခံနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ အများလက်ခံတဲ့ရွေးကောက်ပွဲ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ပါလီမန်ဘောင်ထဲမှာ ပူးသတ်မယ်ဆိုတဲ့အယူအဆနဲ့ နအဖလုပ်တဲ့ရွေးကောက်ပွဲကို ဝင်ပြိုင်မယ်ဆိုတာကိုတော့ အလေးအနက် ပြန်လည်စဉ်းစားကြဖို့ ကျနော်ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အများလက်ခံနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာမရှိဘဲနဲ့ ကျနော်တို့အားလုံးပါဝင်တဲ့ ရွေးကောက်ပွဲကို မကျင်းပနိုင်ဘဲနဲ့ ရွေးကောက်ပွဲကို ဝင်ရမယ်ဆိုရင် ဒီစစ်အုပ်စုရဲ့သက်ဆိုးရှည်ရေးကို ဒီမှာ ဝိုင်းဝန်းထောက်ပံ့ပေးတာဘဲ ဖြစ်ပါတယ်။ ဒီလိုဘဲ ကျနော်တို့က ပြတ်ပြတ်သားသားမြင်ပါတယ်။ ၆၂ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဦးနေဝင်းကထူထောင်ခဲ့တဲ့နေရာမှာ နိုင်ငံရေးသမားတွေနဲ့ ထူထောင်ခဲ့တာပါ။ အဲဒီတော့ အာဏာရှင်စနစ်တည်မြဲပြီဆိုတော့မှ နိုင်ငံရေးသမားတွေ ဖယ်ထုတ်ပစ်ခဲ့တာဖြစ်ပါတယ်။ ထိုနည်းတူ ၈၈ အပြီးမှာ ကျနော်တို့ရဲ့သပိတ်ခေါင်းဆောင်တွေကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ကျနော်တို့ ထည့်သွင်းပြီးတော့မှ တာဝန်ပေးခဲ့ကြပါတယ်။ ကျနော်တို့လူထုက ရွေးပေးခဲ့တာပါ။ ဒါပေမဲ့လို့ စနစ်ကိုမပြောင်းနိုင်တဲ့အတွက် ကျနော်တို့ ရွေးပေးခဲ့တဲ့ သပိတ်ခေါင်းဆောင်တွေဟာ ကျနော်တို့ကို ပြန်ပြီးတော့ရက်စက်ခဲ့တဲ့သူတွေဖြစ်ခဲ့ပါတယ်။ ဒီနအဖရဲ့ ရွေးကောက်ပွဲမှာ အများလက်ခံနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်အောင် ပြင်ဆင်ရေးဆွဲခြင်း မလုပ်နိုင်ဘူး၊ အင်အားစုတွေအားလုံး ပါဝင်နိုင်တဲ့ ရွေးကောက်ပွဲမဟုတ်ဘူး၊ အဲဒီလိုအခြေအနေမျိုးမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့သူတွေကတော့ ကျနော်တို့ပြည်သူလူထုကို နအဖနဲ့အတူ ဝင်ရောက်နှိပ်စက်တဲ့သူတွေဘဲလို့ ကျနော်တို့ကတော့ သတ်မှတ်မှာဖြစ်ပါတယ်။ ♦

# မြန်မာပြည် စီးပွားရေးပိတ်ဆို့မှု အများကြီးလိုသည်

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်ထားရှိရုံဖြင့် တိုင်းပြည်တွင်းမှ တုန်လှုပ်ခြောက်ခြားဖွယ် မိစ္ဆာအဖြစ်ဆိုးကို အဆုံးသတ်စေနိုင်ရန် လုံလောက်လိမ့်မည်မဟုတ်ပေ။ ယင်းသို့ အဆုံးသတ်စေနိုင်ရန်မှာ ထိတွေ့ဆက်ဆံရေးနှင့် အရေးယူပိုင်းပယ်ရေး နှစ်မျိုးစလုံးလိုအပ်ပါသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အဓိကကျသောဆုံးဖြတ်ချက်များ ချရန်ရှိနေပါသည်။ အမေရိကန်နိုင်ငံက ၎င်း၏ မြန်မာနိုင်ငံပေါ်လစီကို ပြန်လည်သုံးသပ်နေကြောင်း ကြေညာထားပြီး ဥရောပသမဂ္ဂ (အီးယူ)ကလည်း စစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူမှုများကို သက်တမ်းတိုး မတိုး ဧပြီလကုန်တွင် စဉ်းစားမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB သည် ၁၉၉၀ ရွေးကောက်ပွဲတွင် မြန်မာပြည်သူတို့က ဒီမိုကရေစီနည်းကျ ရွေးကောက်လိုက်သော နိုင်ငံရေးသမားများနှင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည့်အလျောက် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကို ထောက်ခံအားပေးခဲ့သည်။ သို့ပင်ဖြစ်စေကာမူ စီးပွားရေးပိတ်ဆို့မှု ဟူသည်မှာ လွယ်ကူသည့်အဖြေမဟုတ်ကြောင်း ကျွန်ုပ်တို့ သဘောပေါက်နားလည်ပါသည်။ ယခု တင်ပြလျှောက်လဲနေခြင်းမှာ စီးပွားရေးပိတ်ဆို့မှု ခေါင်းစဉ်တခုတည်းကိုသာ ငြင်းခုန်နေခြင်းမဟုတ်ပါ။ နိုင်ငံတကာ့လုပ်ဆောင်ချက်နှင့်ပတ်သက်၍ ငြင်းခုန်လျှောက်လဲနေခြင်းဖြစ်ပါသည်။

ယခုအချိန်အထိမူ အခြေအတင်ငြင်းခုန်နေမှုမှာ စီးပွားရေးပိတ်ဆို့မှုကို လိုတရပြဒါးရှင်လုံးသဖွယ် ကြည့်မြင်ယူဆချင်မှုအပေါ် အခြေခံနေခဲ့သည်။ သို့သော်လည်း စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကို မြန်မာနိုင်ငံတွင်လိုအပ်နေသည့် ထူးထူးကဲကဲပြုပြင်ပြောင်းလဲမှုမျိုး ဖြစ်ပေါ်စေနိုင်သည့် တခုတည်းသောပေါ်လစီလက်နက်အဖြစ် ယူဆခြင်းမှာမူ ယုတ္တိနှင့်လည်းကောင်း၊ လက်တွေ့အတွေ့အကြုံနှင့်လည်းကောင်း ကွဲလွဲသွေဖီနေပါသည်။

အမျိုးသားညွန့်ပေါင်းအစိုးရက ပိတ်ဆို့ဒဏ်ခတ်မှုများကို ထောက်ခံခဲ့ခြင်းမှာ မြန်မာစစ်အစိုးရအပေါ် ရိုက်ခတ်ချက်ရှိသောကြောင့် ဖြစ်ပါသည်။ ဤအချက်ကို စစ်ဗိုလ်ချုပ်များ မကြာခဏဝန်ခံခဲ့ပြီးဖြစ်သည်။ သို့သော် အမျိုးသားညွန့်ပေါင်းအစိုးရသည် မြန်မာ့စီးပွားရေးဘဝအပေါ် ကျူးဘားပုံစံ ဝါးလုံးသိမ်းပိတ်ဆို့မှုစနစ်မျိုး ချမှတ်ဖို့ တခါမှစိတ်မကူးခဲ့ပေ။ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု မှန်သမျှသည် စစ်အုပ်စုအပေါ် ထိခိုက်သက်ရောက်မှု အမြင့်ဆုံးဖြစ်အောင်နှင့် သာမန်မြန်မာပြည်သူလူထုအပေါ် အနိမ့်ဆုံးထိခိုက်မှုဖြစ်အောင် ပစ်မှတ်ရှိရှိ ရွေးချယ်ချမှတ်ရမည် ဖြစ်သည်။

စစ်အုပ်စုအဖွဲ့ဝင်များကို ရွေးချယ်၍ ဘဏ္ဍာရေးအပေးအယူများကို ပိတ်ပင်ထိန်းချုပ်ခြင်းများမှာ သင့်လျော်လှသည်။ စစ်အုပ်စုနှင့် နီးနီးစပ်စပ်ဆက်နွယ်နေသော မြန်မာ့ကျောက်စိမ်းတင်သွင်းမှုများကို ချုပ်ကိုင်ခြင်း မှာလည်း လျော်ကန်ပါသည်။

သို့သော် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှု သက်သက်ဖြင့် မြန်မာစစ်အစိုးရကဲ့သို့ အာဏာလောဘဇော ငမ်းငမ်းတက်လှသော စစ်အစိုးရကို ဖြုတ်ချနိုင်မည့် အလားအလာမရှိပါ။

ဤပြဿနာကို ဗူးလေးရာ ဖယ်ံဆင့်စေသည့် အချက်မှာ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပုံမှန်ချိုးဖောက်ခံနေမှုဖြစ်သည်။ ဘရပ်ဆဲလ် (အီးယူ) သို့မဟုတ် ဝါရှင်တန် (အမေရိကန်အစိုးရ) ကချမှတ်သည့် စီးပွားရေးတံတိုင်းများကို အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများက ကျော်နင်းခဲ့ကြသည်။ ဤသို့ဖြင့် ကုန်သွယ်ရေးဆွဲအားဗဟိုချက် နေရာရွှေ့ယုံသာဖြစ်သွားပြီး စစ်ဗိုလ်ချုပ်များ သက်ဆိုးရှည်ခဲ့ကြပါသည်။

စီးပွားရေးပိတ်ဆို့မှုများ အလုပ်ဖြစ်စေရန်အတွက် ဖိအားကိုတိုးပွားစေပြီး အကျိုးအမြတ်များဖြင့် ဆွဲဆောင်နိုင်ရန် နောက်ထပ်အစီအမံများ ကျယ်ကျယ်ပြန့်ပြန့် လိုအပ်ပါသည်။

ဥပမာဆိုရလျှင် အင်အားကြီးနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဂရုပြုသင့်ပါသည်။ စစ်အစိုးရက စီးပွားရေးကို အသိဉာဏ်ကင်းမဲ့စွာ အမဲဖျက် အဆီအနှစ်ထုတ်ယူထားခြင်းကို ပြန်လည်ချေဖျက်ကုစားနိုင်ရန်နှင့် လစ်ဘရယ်ဒီမိုကရေစီ အနာဂတ်အတွက် အခြေခံအုတ်မြစ်ချပေးနိုင်ရန် အထွေထွေတခုလုံးစီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် အောက်ခြေတပိုင်းချင်းစီးပွားရေးပြုပြင်ပြောင်းလဲရေး လိုအပ်နေပါသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအခြေခံမှုများနှင့် လစ်ဘရယ်အခြေခံမှုများ ပြန်လည်သွတ်သွင်းနိုင်မည့် နည်းလမ်းများရှာဖွေရေးသည် အင်အားကြီးနိုင်ငံများမှသည် အိမ်နီးချင်းနိုင်ငံများအထိ အပါအဝင် အားလုံး၏ ကောင်းကျိုးနှင့် သက်ဆိုင်နေသည်။

ခိုင်မာအားကောင်းပြီး ပစ်ကွင်းရှိရှိအရေးယူသည့် ပိတ်ဆို့ဒဏ်ခတ်မှုများကဲ့သို့သော စီးပွားရေးဆောင်ရွက်ချက်များသည် အထက်ပါအစီအစဉ်၏ အစိတ်အပိုင်းပင်ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် မက်လုံးပေးဖို့လည်းလိုအပ်ပါသည်။ ဤသို့ဖြစ်စေရန် သင့်လျော်ပြီး အရှည်တည်တန့်သည့် ထိတွေ့ဆက်ဆံရေးကို ကျွန်ုပ်တို့ ထောက်ခံပါသည်။

အချို့က ၂၀၀၈ ခု နာဂစ်မုန်တိုင်းနောက်ပိုင်းတွင် အကန့်အသတ်တခုအထိ တံခါးဖွင့်ပေးရန် မြန်မာနိုင်ငံ၏ဆုံးဖြတ်ချက်အပေါ်တွင် စေ့စပ် ဆွေးနွေးရေးဖြစ်စဉ်တခုကို တည်ဆောက်နိုင်မည်ဟု ဆင်ခြေပေးလျှောက်လဲကြသည်။ နိုင်ငံတကာပဋိပက္ခလေ့လာရေးအဖွဲ့ ICG က ဩဇာကြီးသည့် အစီရင်ခံစာတစောင်ဖြင့်လည်းကောင်း၊ လေ့လာဆန်းစစ်ရေးသမား ဖရေဇာကင်မရွန် က ဥရောပအသံဝက်ဘ်ဆိုက်တွင်လည်းကောင်း ဤကဲ့သို့အဆိုတင်ခဲ့ကြသည်။ ဤလျှောက်လဲချက်သည် မှားယွင်းပြီး အံ့သြစရာကောင်းလောက်အောင် နုံအရာရောက်နေပါသည်။ စစ်အစိုးရက နိုင်ငံတကာအသိုင်းအဝိုင်းကို အကန့်အသတ်ဖြင့် ဝင်ရောက်ဆောင်ရွက်ခွင့်ပေးရန်ပင် မည်မျှအထိမလိုလားသည်၊ အပြင်ပန်းနှင်းခဲပျော် တံခါးဟချိန် မည်မျှတိုတောင်းသည်တို့ကို အထက်ပါအဖွဲ့များ မသိနားမလည်ပုံ ပေါက်နေပါသည်။ နာဂစ်မုန်တိုင်းသည် သင့်လျော်သည့် အရှည်တည်တံ့ ထိတွေ့ဆက်ဆံရေးအတွက် အခြေခံမဖြစ်ခဲ့ပါ။

လိုအပ်နေသည့် ထိတွေ့ဆက်ဆံပုံအမျိုးအစားမှာ မှုမှုတတနှင့် ဆန္ဒစွဲကင်းကင်း ဘက်မလိုက်သော ထိတွေ့ဆက်ဆံမှုမျိုးဖြစ်ရမည်။ ဆုပေး ဒဏ်ပေး နည်းလမ်းလည်း လိုအပ်ပါလိမ့်မည်။

ပိတ်ဆို့ဒဏ်ခတ်ရေး ဆိုသည်မှာ ရနိုင်သည့် လက်နက်ကရိယာအများအပြားထဲမှ တခုမျှသာဖြစ်သည်။ ရှေ့လာမည့်လများအတွင်း အမျိုးသားညွန့်ပေါင်းအစိုးရသည် ပြည်တွင်း ပြည်ပမှ မြန်မာပြည်သူများကို အထောက်အကူဖြစ်နိုင်စေရန် ကျယ်ကျယ်ပြန့်ပြန့် ရှေ့ဆောင်ရှေ့ရှုက်အစီအစဉ်အများအပြားကို ထုတ်ဖော်သွားမည်ဖြစ်သည်။ ယင်းခြေလှမ်းများထဲတွင် မြန်မာ့အရပ်ဖက်လူထုအသင်းအဖွဲ့များနှင့် ထိတွေ့ဆက်ဆံရေးအတွက် အတွေးအမြင်များလည်း ပါဝင်ပါလိမ့်မည်။

ကျွန်ုပ်တို့၏စီမံကိန်းတွင် အသွင်ကူးပြောင်းရေး စီစဉ်မှုများ၊ မြန်မာ့စီးပွားရေးစနစ် ပြန်လည်တည်ဆောက်ရေးအတွက် ရည်ရွယ်ဖော်ထုတ်ထားသည့် ရေရှည်စီးပွားရေး နာလန်ထလုပ်ငန်းစဉ်များ အပါအဝင် မဟာဗျူဟာများကို ဖော်ထုတ်တင်ပြမည်ဖြစ်ပါသည်။

စီးပွားရေးပိတ်ဆို့အရေးယူရေးအကြောင်း ငြင်းခုန်ခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်တရာလိုအပ်သည့် အရာ ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ယင်းငြင်းခုန်မှုကို အသိအမြင်ကြွယ်ကြွယ်ဖြင့် ချေချေမြစ်မြစ်ဆောင်ရွက်ရပါမည်။ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု ပြုလုပ်ခြင်းသော်လည်းကောင်း၊ မပြုလုပ်ခြင်းသော်လည်းကောင်း ယင်းတချက်တည်းနှင့် မြန်မာနိုင်ငံ၏ ဆယ်စုနှစ်များချီ အနိဋ္ဌာရုံဘဝ ကျဆင်းနေရမှုကို နိဂုံးချုပ်အဆုံးသတ်ပေးလိမ့်မည် မဟုတ်ပါ။

ထိုသို့အဆုံးသတ် ပြီးပြတ်စေရန်အတွက် ထိတွေ့ဆက်ဆံရေးနှင့် ဝိုင်းပယ်ဒဏ်ခတ်ရေးကိုလည်းကောင်း၊ ပေါ်လစီနှင့် ကျင့်ဝတ်စာရိတ္တရေးရာကိုလည်းကောင်း ပေါင်းစပ်ပေးဖို့ လိုအပ်နေပါသည်။

*ဒေါက်တာသောင်းထွန်း*

*NCGUB ကုလသမဂ္ဂ ကိုယ်စားလှယ်*

*၁၆-၄-၂၀၀၉*

# မီးတောက်မီးလျှံများ

အမေရိကန်အစိုးရသည် ထိုင်းနိုင်ငံ၏ စစ်ရေးမဟာမိတ်ဖြစ်သဖြင့် ထိုင်း-မြန်မာနယ်စပ်တွင် စစ်ပွဲများဖြစ်လာပြီ ဆိုပါက ၁၉၅၄ ခုနှစ် မနီလာစာချုပ်အရ အမေရိကန်အစိုးရအနေဖြင့် တာဝန်ရှိမည်ဟု ၂၀၀၀ ပြည့်နှစ်ဇွန်လ အမေရိကန်ကွန်ဂရက် အစီရင်ခံစာတစောင်တွင် ထောက်ပြထားသည်။

ဖေဖော်ဝါရီ (၂၆)ရက်က ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်အရှေ့မြောက်ဘက်တွင် သန်းခေါင်စာရင်းအသစ် ကောက်ခံသည့် မိုင်းယန်း/ကျိုင်းတုံအခြေစိုက် လူဝင်မှုကြီးကြပ်ရေးနှင့် စရဖ၊ မယက၊ ရဲ၊ ကြံ့ဖွံ့၊ ပြန်/ဆက်အဖွဲ့အင်အား (၂၇)ဦးနှင့် ကား(၇)စီးကို ဝသပ ထိန်းချုပ်နယ်မြေနှင့် အထူးဒေသ-၄ မိုင်းလား ထိန်းချုပ်နယ်မြေအကြား ခိုဆုန်နယ်ခြားစောင့် ဝ ငြိမ်းချမ်းရေးတပ်ဖွဲ့က ခွင့်မပြုဘဲ တားမြစ်ခဲ့သည်။

၂၀၀၉ ခု ဇန်နဝါရီလအတွင်း ကေအဲန်ယူတပ်များနှင့် နအဖတပ်များ တိုက်ပွဲ (၁၀၇)ကြိမ်ဖြစ်ပွားခဲ့ရာ နအဖ ဘက်မှ ဒုရင်းမှူး ၁၊ အရာခံဗိုလ် ၁ အပါအဝင် (၆၄)ဦးသေ၊ ဒုခွဲမှူး ၁ အပါအဝင် (၁၂၉)ဦးဒဏ်ရာရ၊ (၃)ဦး အရှင်မိခဲ့ပြီး ဒီကေဘီအေတပ်များနှင့် တိုက်ပွဲ (၄၈)ပွဲဖြစ်ရာတွင် တပ်ခွဲမှူး ၁ အပါအဝင် ဒီကေဘီအေ (၁၇)ဦးသေ၊ ဒုခွဲမှူး ၁ အပါအဝင် (၁၉)ဦးဒဏ်ရာရ၊ (၃)ဦး အရှင်မိခဲ့သည်။ ကေအဲန်ယူဘက်မှ (၂)ဦးကျခဲ့သည်။

မတ် (၄)ရက်က ရှမ်းပြည်အရှေ့ပိုင်း မိုင်းတုံ အခြေစိုက် နအဖတပ် ခလရ ၆၅ မှ စစ်သား (၉)ဦး တပ်မှ ထွက်ပြေးခဲ့ရာ တပ်ကြပ်ကျော်မိုးနှင့် ဒုတပ်ကြပ်မောင်အေး တို့မှာ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်ဖွဲ့သို့ ပစ္စတိုတလက်စီနှင့် အတူ ပူးပေါင်းခဲ့ကြသည်။

မတ် (၆)ရက်ညက မွန်ပြည် မော်လမြိုင်မြို့တွင် လျှပ်စစ်မီးမလာ၍ စာမေးပွဲကြီးနီးနေသော်လည်း စာကျက်ရန် အခက်တွေ့နေသော အခြေခံပညာအထက်တန်းကျောင်းသား (၅၀)ခန့်က လျှပ်စစ်ဌာနကိုခဲနှင့်ပေါက် ဆန္ဒပြကြသဖြင့် နောက်တနေ့တွင် တမြို့လုံး လျှပ်စစ်မီးယာယီရလိုက်သည်။

မတ် (၉)ရက်က ကရင်နီပြည် ဖရူဆိုမြို့နယ် မာခရောရှေနှင့် လောဂျာရွာအနီး ကားလမ်းဘေးတွင် ကရင်နီတပ်မတော်နှင့် နအဖတပ် ခမရ ၅၃၁ တို့တိုက်ပွဲဖြစ်ပွားရာ နအဖတပ်မှ အနည်းဆုံး (၃)ဦးကျဆုံးပြီး MA-1 ၃ လက်၊ စက်လတ် ၁ လက်ကို ကရင်နီတပ်က နအဖထံမှ သိမ်းပိုက်ရရှိသည်။

ဩစတြေးလျနိုင်ငံ၏အကြီးဆုံး အာမခံကုမ္ပဏီလည်းဖြစ်၊ ဗြိတိန်နိုင်ငံလွိုက်ဒ်အာမခံလုပ်ငန်းကြီး၏ အကြီးဆုံးအေးဂျင့်လည်းဖြစ်သည့် ကျူဘီအီး QBE အာမခံလုပ်ငန်းသည် ဗြိတိန်နိုင်ငံမြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ BCUK ၏ ဖိအားပေးတိုက်ပွဲဝင်မှုကြောင့် မတ် (၁၀)ရက်တွင် မြန်မာနိုင်ငံစီးပွားရေးနယ်ပယ်မှ ရုပ်သိမ်းထွက်ခွာသွားသည်။

မတ် (၁၁)ရက်က ရှမ်းပြည်မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ်အနီး လောက်ကိုင်မြို့တွင် မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော် (ကိုးကန့်လက်နက်ကိုင်အဖွဲ့) စတင်ထူထောင်ခြင်း နှစ် ၂၀ ပြည့်အခမ်းအနား ကျင်းပခဲ့ရာ ဥက္ကဋ္ဌ ဖုန်ကြားရှင်က ၎င်းတို့သည် အဆင့်မြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသကြီး တည်ဆောက်နေကြောင်း၊ အမျိုးသားအားလုံး တန်းတူညီမျှ အကျိုးတူခံစားခွင့်ရှိသော နိုင်ငံတော် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားချင်းပြဿနာများကို စားပွဲပေါ်မှာသာ ငြိမ်းငြိမ်းချမ်းချမ်းဖြေရှင်းရမည်ဖြစ်ကြောင်း မိန့်ခွန်းပြောသွားသည်။

အောင်လံမြို့နယ် ရုံးဆိပ် အမှတ် ၅ သကြားစက်ရုံမှူး ဗိုလ်မှူးရဲနိုင်က တောင်သူများကို ကြံစိုက်ရန် အဓမ္မခိုင်းစေခဲ့ပြီး ငြင်းဆန်သည့်တောင်သူများ၏ လယ်ယာမြေကို ၂၀၀၇ ခုက သိမ်းဆည်းခဲ့သဖြင့် သံရွာ၊ စမ်းကလေး၊ သပြေပင်၊ ညောင်ပိုင်း၊ တယ်ပင် စသည့်ကျေးရွာအုပ်စု လယ်သမားများက ၂၀၀၈ ခု ဩဂုတ်လတွင် စုပေါင်းလက်မှတ်ထိုး၍ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO)သို့ တိုင်ကြားခဲ့သည်။ နအဖအာဏာပိုင်များနှင့် အိုင်အယ်လ်အိုအရာရှိများက သကြားစက်ရုံတာဝန်ခံများ၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် မယက ဥက္ကဋ္ဌတို့ကို စစ်ဆေးပြီးနောက် မတ် (၁၂)ရက်တွင် လယ်မြေဧက ၁၀၀ ကျော် ပြန်လုပ်ကိုင်ခွင့်ပေးခဲ့သည်။

တရုတ်အစိုးရပိုင် ဒေါင်ဖန်းကားကုမ္ပဏီသည် နအဖစစ်အုပ်စုကို စစ်သုံးထရပ်ကားများ ရောင်းချခဲ့သဖြင့် နော်ဝေးအစိုးရက ဒေါင်ဖန်းကုမ္ပဏီတွင် ထည့်ဝင်ထားသည့် ဒေါ်လာ လေးသန်းခွဲတန် မိမိတို့ရှယ်ယာများကို မတ် (၁၃)ရက်တွင် ပြန်လည်ရုပ်သိမ်းပစ်လိုက်သည်။

ဇန်နဝါရီ (၁၈)ရက်တွင် နအဖ (စရဖ) ထောက်လှမ်းရေးမှူးချုပ် ဒုဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ ကျိုင်းတုံမှ ဝ ငြိမ်းချမ်းရေးအဖွဲ့ဌာနချုပ် ပန်ဆန်းသို့လာရောက်စဉ် ဆန်တင်ကားအောက်၌ ဝှက်ယူလာသော ၁၂၀ မမ မော်တာ ၁ လက်၊ ၎င်းဗုံးသီး ၄၀၊ အာရ်ပီဂျီ ဒုံးပစ်လောင်ချာ ၁၁ လက်၊ ၎င်းအသီး ၃၈၊ မောင်းပြန်သေနတ် ၆၃ လက်ကို ဝ တပ်ဖွဲ့က တွေ့ရှိ၍ သိမ်းယူခဲ့ရာ ယခုအထိ ပြန်မပေးဘဲနေသည်။

စင်ကာပူအစိုးရက နိုင်ငံ့ဂုဏ်ဆောင် သစ်ခွပန်းတမျိုးကို နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ အမည်တပ်ဂုဏ်ပြုခြင်းမှာ မတန်မရာလုပ်ရပ်ဖြစ်သဖြင့် စင်ကာပူနိုင်ငံသားသုံးဦးက မတ် (၁၈)ရက်တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

မတ်လတတိယပတ်က ချင်းပြည် ပလက်ဝမြို့နယ် ရွှေပြည်သိမ်ဓမ္မာရုံ ရေစက်ချပွဲတွင် ဒေသခံ ခမီးအမျိုးသမီးနှစ်ဦးအပေါ် စော်ကားမော်ကား ဆွဲလားရမ်းလားလုပ်ခဲ့သော နအဖတပ် ခမရ ၂၈၉ မှ စစ်သား (၂)ဦးကို ရဟန်းတော်များက လက်ပြန်ကြိုးတုတ် ရိုက်နှက်ဆုံးမပြီး တညချုပ်ထားခဲ့သည်။

မတ် (၂၀)ရက်မနက်က ရန်ကုန်တိုင်း တွံတေးမြို့ လေဘေးသင့်ပြန်လည်ထူထောင်ရေးရုံးစိုက်ရာ ကြက်ခြေနီရုံးရှေ့တွင် အသက် ၃၀ မှ ၇၀ အရွယ်လေဘေးဒုက္ခသည် အမျိုးသမီး (၈)ဦး အမျိုးသား (၁၄)ဦး ဆန္ဒပြခဲ့သည်။ ၂၀၀၈ နာဂစ်မုန်တိုင်းသင့် နေအိမ်များအစား ကျပ် ၄ သိန်းတန်အိမ်များ ပြန်ဆောက်ပေးမည်ဟု ကြက်ခြေနီနှင့် အာဏာပိုင်တို့က (၁၄)ရက်တွင် ဇီးဖြူကုန်းနှင့် အောင်စေတီရွာတို့မှာ စာရင်းကောက်ခဲ့သော်လည်း လေဘေးသင့်သူများ ချန်ထားပြီး အာဏာပိုင်တို့နှင့်နီးစပ်သူများကိုသာ ဆောက်ပေးသဖြင့် ဆန္ဒပြခြင်းဖြစ်သည်။ သို့ရာတွင် ဆန္ဒပြသူများကို တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် လူငယ်(၂၀)ကျော်က ဝန်းရံကာကွယ်ပေးခဲ့သည်ဟု နအဖသတင်းပေး လူငယ်အယောင်ဆောင်နှစ်ဦးက မီဒီယာများသို့ပြောကြားခဲ့ခြင်းမှာ အဖွဲ့ချုပ်လူငယ်သိက္ခာချရေး၊ မီဒီယာသိက္ခာချရေးအတွက် စရဖ၏ သတင်းများပေးရေးအစီအစဉ်ဖြစ်ကြောင်း မြို့ခံများကပြောသည်။

ရခိုင်ပြည် ရသေ့တောင်အခြေစိုက် ခမရ ၅၃၈ တပ်ရင်းမှ ရခိုင်အမျိုးသား တပ်သားများဖြစ်သော မောင်မောင်သန်း၊ စိုးထွေးနှင့် သန်းဌေးလှိုင်တို့ တပ်မှထွက်ပြေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်တပ်က ဘင်ဒရိဘင်ခရိုင် ဟေရ်မာန် မောင်ရွှေစိန်ကျေးရွာတွင် မတ် (၂၁)ရက်၌ ဖမ်းဆီးလိုက်သည်။

မတ် (၂၆)ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာမြို့နယ် တော်ဝင်နန်းတည်းခိုခန်းတွင် ဗုံးတလုံးပေါက်ကွဲ၍ ဗုံးတပ်ဆင်နေသူ တဦးသေပြီး (၂)ဦးဒဏ်ရာရသွားသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ပူးပေါင်းတော်လှန်ရေးအင်အားစု WBURF ဆိုသည့်အဖွဲ့က သေဆုံးသူမှာ မိမိတို့လူဖြစ်ကြောင်း၊ အချိန်မတိုင်မီ မတော်တဆဖြစ်၍ ဗုံးကွဲသေဆုံးခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

အာဏာပိုင်တို့၏ သာသနာတော်အပေါ် နှောင့်ယှက်မှုများကို မကျေးတိုင်းသံဃာတော်တို့က လက်မှတ်ရေးထိုး ကန့်ကွက်ခြင်းလှုပ်ရှားမှုကို မတ် (၂၆)ရက်တွင် စတင်လိုက်သည်။ ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး ပြီးကတည်းက သံဃာ့တရားပွဲများကို အာဏာပိုင်တို့ခွင့်ပြုမှ ဟောခွင့်ရှိခြင်း၊ ဟောရာ၌လည်း

(စာမျက်နှာ ၉ သို့)

# ဖြော်... နအဖ... နအဖ

☺ ၂၀၀၈ ခုနှစ်ကုန်ပိုင်း ပဲဈေးကွက် အရှုပ်အထွေးကြောင့် ပဲကုန်သည်များ စုစုပေါင်း ကျပ် ၂၀၃ ဘီလီယံဆုံးရှုံးခဲ့မှု ကို နအဖက ဝင်ရောက်ဖြေရှင်းပေးနေရာ ကျပ်သိန်း ၂၀၀၀ အလိမ်ခံရသည့်ကုန်သည်ကို ကျပ် ၆ သိန်းဖိုးပဲများ၊ ကျပ်သိန်း ၁၇၀၀ အလိမ်ခံရသည့်ကုန်သည်ကို ပဲ ၇ အိတ် စသည်ဖြင့် ပြန်လည်ခွဲဝေပေးခဲ့သည်။

☺ ၂၀၀၆ ခုမှစပြီး ဖေဖော်ဝါရီ (၂၈)ရက်နေ့တိုင်း ရောဝတီတိုင်း ဓနုဖြူမြို့နယ် ကျေးရွာပေါင်း ၆၅ ရွာမှ မျက်စိဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ပေးနေသည့် မြို့ခံများ၏ နှစ်စဉ်ကျင်းပနေကျအလှူမှာ ကြံ့ဖွံ့ဦးဆောင်မှုခံမှ လှူခွင့်ရမည်ဆိုသဖြင့် အလှူပျက်သွားရသည်။ ရောဝတီတိုင်းအတွင်း အစိုးရဆေးရုံ၊ ကျောင်းများတွင် လူစုလူဝေးနှင့်ပြုလုပ်သည့် လူမှုလုပ်ရှားမှုမှန်သမျှ ရောဝတီတိုင်း ကြံ့ဖွံ့ဦးဆောင်မှုခေါင်းစဉ်ဖြင့်ပြုလုပ်မှ ခွင့်ပြုရမည်ဟု ကြပ်ပြေးမြို့တော်က ညွှန်ကြားထား၏။ ပဲခူးမြို့ ပါဠိတက္ကသိုလ်ဆရာတော်၏ ဒကာရင်းအလှူရှင် ၂ ဦးက သိန်း ၅၀၀ ကျပ်တန် မျက်စိခွဲစိပ်အလှူကို ၂၀၀၈ စက်တင်ဘာ၌ လှူဒါန်းပြုလုပ်ခဲ့ရာမှာလည်း ပဲခူးမြို့ ကြံ့ဖွံ့အသင်းအမည်ခံ လှူဒါန်းခဲ့ရသည်။

☺ ဗိုလ်သင်တန်းအပါတ်စဉ်(၄၆) ဆင်း အငြိမ်းစားစစ်အင်ဂျင်နီယာအရာရှိ အသက် ၅၀ အရွယ် နေရဲမာန် (ခေါ်) ဒွေးဝင်းသည် သံသယရှိဖွယ် ကိုယ်ပိုင်အရင်းအနှီးကြီးကြီးမားမားဖြင့် တေးထုတ်လုပ်ရေးလောကထဲ ဝင်ရောက်လှုပ်ရှားကာ ကိုယ်တိုင်ဆို၊ ကိုယ်တိုင်သရုပ်ဆောင်သည့်အပြင် နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များ၊ မော်ဒယ်များကို ငွေကြေးအမြောက်အများပေး တွဲဖက်သရုပ်ဆောင်စေသည်။ လက်ရှိစစ်အင်ဂျင်နီယာတပ်မှူး ဗိုလ်မှူးကြီးသက်စိုးကလည်း သားဖြစ်သူ ဖိုးသားကို အလားတူ သံသယရှိဖွယ် ကိုယ်ပိုင်အရင်းအနှီးများဖြင့် အနုပညာလမ်းကြောင်းပေါ် ငွေကုန်ခံတွန်းတင်ပေးရာ ၎င်းတို့နှစ်ဦး၏အခွေများကို အများပြည်သူ ဝယ်ယူအားပေးမှု မရှိသလောက်ဖြစ်နေပြီး ခိုးကူးခွေသမားများကပင် အခွေခိုးမထုတ်ကြဘဲ ဖြစ်နေသည်။ အလားတူရှုံးမှာသေချာသည့် အဆိုတော် ဖြူ (လုပ်ကြံခံ နအဖ အတွင်းရေးမှူး-၂ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏သမီး) ကိုလည်း ခိုးကူးသမားများ လက်ရှောင်ကြသည်။ ၎င်းတို့သည် ရန်ကုန်မြို့အထင်ကရနေရာများတွင် ဈေးကြီးပေးကာ တေးသီချင်းကြော်ငြာဆိုင်းဘုတ်ကြီးများ ထောင်ထားကြသည်။

☺ နအဖစစ်အစိုးရ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်းကို ကျန်းမာရေးအကြောင်းပြချက်ဖြင့် အငြိမ်းစားပေးလိုက်သည်ဟု စစ်အုပ်စုအသိုင်းအဝိုင်းက လေသံလွှင့်နေသော်လည်း တကယ့်ဖြစ်ရပ်မှာ မိန်းမလိုက်စားမှုကို ရေရှည်သည်းမခံနိုင်တော့သည့် တရားဝင်ဇနီး ဒေါ်မြင့်မြင့်ကို က နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ကိုယ်တိုင်သွားရောက်တိုင်ကြားလိုက်သဖြင့် အရေးယူခံရခြင်းဖြစ်သည်။ ဗိုလ်ချုပ်စောထွန်းသည် ဆောက်လုပ်ရေးယာဉ်မောင်းတဦး၏သမီး တိုင်းရင်းသူ ငွန်ဇာထွေးကို မျက်စေ့ကျခြေတော်တင်ပြီး နေ့စားဝန်ထမ်း၊ ဦးစီးအရာရှိ၊ လက်ထောက်ညွှန်မှူးရာထူးများ အဆင့်ဆင့်တိုးပေးခဲ့ကာ သူမ၏ဆွေမျိုးအယောက်(၃၀)ခန့်နှင့် သူငယ်ချင်းအချို့ကိုလည်း ဝန်ထမ်းအဖြစ် ခန့်ထားပေးခဲ့၍ သူမဘဏ်စာရင်းများထဲ ငွေကြေးအမြောက်အများ ထည့်သွင်းပေးခဲ့သည်။ ကျောက်ဆည်သားချင်းဖြစ်၍ လာဘ်စားမှု ညံ့ဖျင်းမှုများကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ခွင့်လွှတ်ထားခဲ့သော်လည်း နောက်ဆုံး၌ (၁၂)ရက်ကြာ မြစ်ကြီးနား-ပူတာအိုခရီးစဉ်အတွင်း ငွန်ဇာထွေးနှင့် နှစ်ပါးသွားခဲ့မှုကို ဇနီးဖြစ်သူက သက်သေအထောက်အထားများနှင့် တိုင်တန်းခဲ့သဖြင့် အနားပေးလိုက်ခြင်းဖြစ်သည်။ (ဇနီးသည်၏တောင်းဆိုချက်အရ ဖမ်းဆီးမှုမပြုလုပ်ခဲ့)

☺ နအဖ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒုတိယအင်းဝတံတားတည်ဆောက်စဉ်က အလွန်အကျွံ ဝိုင်းဝန်းခိုးစားခဲ့သဖြင့် တံတားကြီးမှာ အဆင့်မမှီ၍ ဖွင့်ပွဲလုပ်ရန် လာရောက်စစ်ဆေးသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှာ ပုံမှန်လေတိုက်ရုံနှင့်လှုပ်ယမ်းနေသော တံတားကြီးပေါ် အဆုံးထိမလျှောက်ရဲဘဲ တံတားတဝက်မှလှည့်ပြန်သွားခဲ့ရသည်။

☺ ရန်ကုန်မြို့တွင် နအဖစည်ပင်သာယာမှ ရေပေးဝေမှု မရှိသဖြင့် ရေသန့်ဗူးများကို သောက်ရေအတွက်သာမက ချိုးရေ၊ သုံးရေအဖြစ်ပါ သုံးနေကြရသည်။ မြို့လယ်ရပ်ကွက်များတွင် မျက်နှာသစ်စရာ ရေမရှိသဖြင့် ရေသန့်ဗူးဝယ် မျက်နှာသစ်ကြရသည်။

☺ ကမ္ဘာ့သဘာဝအလှ အံ့ဖွယ်နေရာ (၇)ခုစာရင်းအတွက် မဲပေးရာတွင် မြန်မာပြည်မှ မြိတ်ကျွန်းစုကို ထည့်သွင်း မဲပေးနေသော်လည်း အင်္ဂလန်နိုင်ငံအခြေစိုက် ဖြစ်ရပ်မှန်အခြေခံဇာတ်လမ်း အမည်ရှိခရီးသွားကုမ္ပဏီ၏အမှုဆောင် မစ္စတာ နီယင်ဖော့စ် ကမူ မြိတ်ကျွန်းစုတွင် ဒေသခံများ ငါးမိုင်းခွဲဖမ်းဆီးနေသည်ကို တွေ့ခဲ့သည်ဟု ပြောသည်။

☺ ရန်ကုန်မြို့တွင် မော်တော်ဆိုင်ကယ်များ တရားမဝင်မောင်းနှင်နေမှုများကို မဖမ်းဘဲ လာဘ်ငွေယူခွင့်ပြုထားသဖြင့် ရန်ကုန်တိုင်းရဲ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အရာရှိ(၂)ဦးနှင့် အခြားအဆင့် (၆၂)ဦးတို့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏အမိန့်အရ ဖမ်းဆီးလိုက်သည်။

☺ မတ်လ (၁၄)ရက်က ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (၁၁)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၌ လက်ရှိဆောက်လုပ်ရေးကဏ္ဍတွင် အစိုးရ၏ အခွန်စနစ်၊ ဘဏ်စနစ်၊ အစိုးရနှင့်ပုဂ္ဂလိကယခင်က ၃၀း၇၀ ရာခိုင်နှုန်း အကျိုးအမြတ်ခွဲဝေယူနေရာမှ ယခု ၅၀း၅၀ အချိုးသို့ ပြောင်းလဲလာခဲ့မှု၊ အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူဆောက်ထားသည့် အဆောက်အဦးများကို နအဖဘက်က လေလံပစ်ရောင်းချနေမှု စသည်တို့ကို ဗိုလ်ချုပ်ရွှေမန်းနှင့် ခမည်းခမက်တော်သူ စစ်တပ်ကန်ထရိုက်ချုပ်ကြီး ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ ထို့ပြင် အကျိုးတူလုပ်ငန်းများမှ အမြတ်ငွေများကို ယခုမတ်လအကုန် အပြီးပေးချေရန်နှင့် ဖက်စပ်စီမံကိန်းဝင် အဆောက်အဦး ၆၀ ကျော်ကို ၂၀၀၉ နှစ်အကုန်အပြီး ဆောက်ရန် နအဖက ညွှန်ကြားထားမှုမှာလည်း မဖြစ်နိုင်ဟု ပယ်ချသွားသည်။

☺ မြန်မာနိုင်ငံရှိ နာမည်ကြီး ဖိုးကျားဆင်စခန်းသို့ လာရောက်လည်ပတ်သူ နိုင်ငံခြားသားမှာ တခေါက်လျှင် သုံးလေးယောက်သာ အတော်ဝေးဝေးတခါလာလေ့ရှိနေသော်လည်း အိမ်နီးချင်းထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ခရိုင် အတွင်းရှိ ဆင်စခန်းများကိုမူ တရက်လျှင် လာရောက်လည်ပတ်သူ ပျမ်းမျှ တထောင်ကျော်ရှိနေသည်။

☺ မတ် (၉)ရက်က မန္တလေးတိုင်း မြင်းခြံမြို့ အမှတ် ၁ တိုးချဲ့ရပ်ကွက်မှာ မီးလောင်ရာမှာ ငြှိမ်းသတ်ခ ကုန်ကျစရိတ်အဖြစ် မီးသတ်ကားတစီးကို ဓာတ်ဆီ ၅ ဂါလံနှုန်းဖြင့် (၇)စီးအတွက် ကျပ်ငွေ ၇၀၀၀၀ ပေးရန် ခရိုင်မီးသတ်ဦးစီးဌာနက ရပ်ကွက်အာဏာပိုင်များကို တောင်းနေသည်။

☺ မတ် (၁၁)ရက်ညနေက မန္တလေးတိုင်း အမရပူရမြို့နယ် နတ်ရေကန်ရပ်ကွက် မီးလောင်ရာ ငြှိမ်းသတ်ရန်သွားသည့် မီးသတ်ကားတစီး တိမ်းမှောက်သဖြင့် မီးသတ်ရဲဘော် (၅)ဦး ဒဏ်ရာအပြင်းအထန်ရခဲ့သည်။

☺ မတ်လလယ်က ကချင်ပြည် ကေအိုင်အိုငြိမ်းချမ်းရေးအဖွဲ့၏ လိုင်ဇာရပ်မြင်သံကြားက နအဖစစ်တပ်နှင့် ကေအိုင်အိုအဖွဲ့ ပူးပေါင်းပြီး ဘိန်းခင်းဖျက်ဆီးပုံရုပ်သံမှတ်တမ်းထုတ်လွှင့်သွားရာ အစေးမထုတ်ရသေးသည့် ဘိန်းခင်းများကို ရှောင်ကွင်းပြီး အစေးထုတ်ယူပြီးသား ဘိန်းခင်းများကို ဟန်ပြဖျက်ဆီးပြသည့်အပြင်

(စာမျက်နှာ ၉ သို့)

# QUOTATIONS "  " ညွှန်းဆိုကိုးကားသူတို့စကား

"*အရီးတောင်းလဖက်က ဆေးဆိုးမှ ရောင်းရတာမဟုတ်ဘူး။*"

အရီးတောင်းမိသားစုဝင် ဦးသိန်းမြင့် (နအဖစစ်အစိုးရမှ အန္တရာယ်ရှိဆိုးဆေးပါဝင်ကြောင်းစွပ်စွဲချက်ကို တုန့်ပြန်ချက်)

"*ကျနော်တို့က ကေအိုင်အိုအနေနဲ့က ပါတီတခုဖွဲ့မယ်ဆိုတဲ့ သဘောမျိုးမရှိဘူး၊ ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့ သဘောထားမျိုးလဲ မဆုံးဖြတ်ဘူး၊ မရှိသေးဘူး။... အခု ကျနော်တို့ဒု-ဥက္ကဋ္ဌဖြစ်တဲ့ ဒေါက်တာတူးဂျာတို့ လုပ်နေတဲ့ အလုပ်ကတော့ ကချင်ပြည်မှာ ကချင်ပြည်နယ်နဲ့ ပြည်သားတွေကို ကိုယ်စားပြုနိုင်တဲ့ပါတီတခု ရှိစေချင်တယ်။... လက်နက်ကိုင်ထားတဲ့အဖွဲ့တွေပါတယ်၊ ရပ်မိရပ်ဖတချို့ စိတ်ပါဝင်စားတဲ့လူတွေလဲ ပါပါတယ်။ တချိန်ချိန်မှာ ကေအိုင်အိုကနေပြီး ဒေါက်တာတူးဂျာဘဲဖြစ်ဖြစ်၊ အခြားတယောက်ယောက် ဘယ်သူဘဲဖြစ်ဖြစ်ပေါ့၊ ပါတီနိုင်ငံရေးထဲကို ဝင်ဖို့ဆန္ဒရှိတယ်၊ ဝင်လုပ်မယ်ဆိုရင်တော့ ကေအိုင်အိုကနေ ထွက်ပြီးတော့မှလုပ်မယ်ဆိုတဲ့ သဘောထားမျိုးဖြစ်ပါတယ်။*"

ကေအိုင်အို တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးဂွမ်မော်

"*ကျမတို့နိုင်ငံက ဒီမိုကရေစီကို တကယ်ခြေလှမ်းပြီလား မလှမ်းဘူးလားဆိုတာ သူတို့ရဲ့လွှတ်ပြောက်မှုနဲ့ဘဲ ပထမဆုံးစပြီး မှတ်ကျောက်တင်ရမှာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေအားလုံးဟာ ရာဇဝတ်ကောင်တွေ မဟုတ်ဘူး။ သူတို့ဟာ အကျဉ်းထောင်တွေထဲမှာ ကျခံနေရမယ့်သူတွေစာရင်းထဲမှာ မပါသင့်ဘူး၊ ပါလို့မဖြစ်ဘူး။ ဆက်ပြီးပါနေမယ်ဆိုရင်လဲ မြန်မာနိုင်ငံရဲ့ အနာဂတ်သမိုင်းဟာ ဘယ်တော့မှ အပြောင်းအလဲဖြစ်ဖို့အတွက် မှန်ကန်တဲ့အလင်းရောင်လက်လှမ်းကို ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး။*"

မခင်ဥမ္မာ (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု)

"*အိုင်အယ်လ်အိုနဲ့ ပတ်သက်လို့ အဖမ်းခံရတယ်၊ ဖိအားပေးခံရတယ်ဆိုရင် အဲ့ဒီလူတွေပြန်လွှတ်ဖို့နဲ့ ပြဿနာကိုအဖြေရှာဖို့ ကျနော်တို့ အစိုးရနဲ့ ပြင်းပြင်းထန်ထန် ဆွေးနွေးရပါတယ်။ တချို့ပြန်လွှတ်ခဲ့တာတွေရှိသလို မလွှတ်သေးတာတွေအတွက်လဲ ကျနော်တို့ အစိုးရနဲ့ ဆက်လက်ညှိနှိုင်း အဖြေရှာနေဆဲဖြစ်ပါတယ်။*"

ရန်ကုန်အိုင်အယ်လ်အိုရုံးတာဝန်ခံ စတိဗ်မာရှယ် (အဓမ္မလုပ်အားပေးကိစ္စ တိုင်တန်းသူများကို နအဖမှ ဖမ်းဆီးမှုနှင့်ပတ်သက်၍ ရှင်းပြချက်)

"*ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ပတ်သက်ပြီး မင်းတို့သေနတ်တွေကို အတင်းမသိမ်းဘူး။ မင်းတို့သေနတ်ထက် ပိုကောင်းတဲ့သေနတ်တွေ ငါတို့မှာအများကြီးဘဲ၊ သိတယ်မဟုတ်လား။*"

စရဖထောက်လှမ်းရေးမှူးချုပ် ဒုဗိုလ်ချုပ်ကြီးရဲမြင့် (ကရင်ခွဲထွက်ငြိမ်းချမ်းရေးအဖွဲ့များကို ဖေဖော်ဝါရီ ၁၈ ရက်၌ မျက်နှာချင်းဆိုင်ခြိမ်းခြောက်ပုံ)

"*ကျနော်တို့နိုင်ငံမှာ မူတွေပြောင်း၊ လူတွေပြောင်း၊ အစိုးရတွေပြောင်းရုံနဲ့ မပြီးနိုင်ပါဘူး။ စနစ်ပါပြောင်းလဲရမှာဖြစ်ပါတယ်။*"

ကေအိုင်အို ကချင်ငြိမ်းချမ်းရေးအဖွဲ့ ဒုဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီး အင်ဘန်လအောင် (ဖေဖော်ဝါရီ ၅ ရက် ကချင်တော်လှန်ရေးနေ့မိန့်ခွန်း)

## ကလေးစစ်သား နှင့် သားပျောက်မိခင်

## ဖြစ်ရပ်မှန် ကြေကွဲ Tragedy

♦ မန္တလေးတိုင်း တောင်သာမြို့နယ် ရေကားသပုတ်ကားရွာမှ အဘဦးမဲ-အမိဒေါ်လှပိုတို့၏သား မောင်တင်မျိုးမြင့်နှင့် အဘဦးညိုစိမ့်-အမိဒေါ်ကြည်လှိုင်တို့၏သား မောင်အောင်ခိုင်တို့သည် ယမန်နှစ်က အသက် ၁၅ နှစ်အရွယ်တွင် ရန်ကုန် ကားဝပ်ရှော့တခု၌ အလုပ်သင်လုပ်နေရင်း ပျောက်ဆုံးသွားခဲ့သည်။ မိဘများ ယခုနှစ်ပြန်တွေ့ချိန်၌ စစ်သားဖြစ်နေသည်။ ဖေဖော်ဝါရီလက မောင်တင်မျိုးမြင့်၏အစ်မ ရန်ကုန်သို့အသွား တောင်ငူဘူတာတွင် မောင်ဖြစ်သူကို စစ်ဝတ်စုံနှင့်တွေ့လိုက်ရခြင်း ဖြစ်သည်။ "*မီးရထားက တောင်ငူဘူတာမှာရပ်ရော၊ ရထားစက်ခေါင်းပျက်တာနဲ့ ရပ်နေတဲ့အခါ ကျတော့ လမ်းလျှောက်တဲ့အခါမှာ ဘူတာမှာ စစ်ယူနီဖောင်းနဲ့တွေ့တယ်။ မေးတဲ့အခါကျတော့ စစ်တပ်ထဲမှာ သူရောက်နေတယ်လို့ ပြောတယ်။*" ထို့နောက် ဖေဖော်ဝါရီ (၁၇)ရက်တွင် မောင်တင်မျိုးမြင့်၏ဘကြီးက တောင်ငူ တပ်မ ၃၃ ကို တယ်လီဖုန်းဆက်ရာ တာဝန်ကျက မောင်တင်မျိုးမြင့်အပြင်သွားကြောင်းဖြေခဲ့သည်။ နောက်တနေ့ ထပ်မံဆက်သွယ်ရာ မောင်တင်မျိုးမြင့်က "*ကျနော့်ဆီ ခဏခဏ မဆက်ပါနဲ့။ ကျနော့်ကို တခြားနေရာပို့မှာကြောက်လို့*" ဟုဆိုပြီး ဖုန်းချလိုက်သည်။ အလားတူ သားပျောက်မိဘများလည်း ရှိနေသည်။

♦ ဇန်နဝါရီလကလည်း ပဲခူးတိုင်း ပဲခူးမြို့နယ် လက်ပံသုံးခွရွာမှ ဦးတင်မျိုးနိုင်- ဒေါ်စမ်းစမ်းတို့၏သား မောင်ကျော်မျိုးပိုင် (အသက် ၁၆နှစ်)သည် ၄ မိုင်ဝေးသည့် ဒိုက်ဦးမြို့သို့ ဝက်သား ၆ ပိဿာ သွားပို့စဉ် သားသတ်လိုင်စင်မရှိ၍ဆိုကာ မြို့နယ်စည်ပင်သာယာက ထိန်းသိမ်းသွားပြီးနောက် ပျောက်ဆုံးသွားသည်။ ယင်းကလေးကို အာဏာပိုင်တို့က စစ်တပ်ထဲသွင်းလိုက်လျှင်လည်း သတင်းကြားသိချင်ကြောင်း ဒေါ်စမ်းစမ်းက ပြောသည်။ "*ကလေးကို ဘယ်နေရာမှာဘဲရှိရှိ၊ ဘယ်တပ်ရင်းထဲမှာဘဲရှိရှိ၊ ကျမကိုသတင်းလေးပေးလို့ တွေ့ခွင့်ရရင်ကျေနပ်ပါပြီ။*"

♦ ၂၀၀၈ ခု စက်တင်ဘာလ (၂၁)ရက်ကလည်း ရခိုင်ပြည် စစ်တွေမြို့မှ ဒေါ်ခင်ခင်ဝင်း ဈေးရောင်းထွက်စဉ် ၎င်း၏သား အသက် ၁၃ နှစ်အရွယ် မောင်ထွန်းခိုင်ဝင်း ပျောက်ဆုံးသွားခဲ့သည်။

♦ ၂၀၀၈ ခုနှစ်ကုန်ပိုင်းက တောင်ငူမြို့ အဆင့်မြင့်ဆက်သွယ်ရေးတပ် (အဆရ) ၁၃ မှ တပ်သားမောင်သက်ဦး (၂၀ နှစ်) တပ်မှထွက်ပြေး၍ အထက်အရာရှိက ရိုက်နှက်ရာ ခြေကျိုးသွားသည်။ မောင်သက်ဦးသည် အသက် (၁၇)နှစ်က တပ်ထဲအသွင်းခံရပြီး (၃)နှစ်ပြည့်ချိန်၌ တပ်ထွက်ခွင့်တောင်းရာ ကျပ် ၂ သိန်းပေးမှ ထွက်ခွင့်ပေးမည်ဟု အထက်အရာရှိကပြောသဖြင့် ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

♦ ရန်ကုန်တိုင်း လှိုင်မြို့နယ်မှ ဒေါ်နီနီလွင်၏သား မောင်ထွတ် စန်းဦးမှာလည်း အသက် (၁၁)နှစ်ကတည်းက တပ်ထဲအတင်းအကျပ်အသွင်းခံရ၍ (၄)နှစ်ကြာ စစ်မှုထမ်းခဲ့ရပြီးနောက် အိမ်ပြန်ခွင့်ရချိန်တွင် တပ်ကိုမပြန်တော့သဖြင့် တပ်ပြေးအဖြစ် ၂၀၀၈ ဇူလိုင်၌ စစ်တပ်ကဖမ်းဆီးပြီး အင်းစိန်ထောင်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂)နှစ်ချခဲ့သည်။ ♦

(အကျဉ်းသားလွတ်မြောက်ရေး မှ)

မြန်မာနိုင်ငံ (အေအေပီပီဘီ) တို့က ဦးစီးပြီး (၂၄)နိုင်ငံမှ အဖွဲ့အစည်း (၁၆၇)ဖွဲ့ ပူးပေါင်းပါဝင်သည်။ ဂျပန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ကိုးရီးယား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် တပြိုင်နက် စတင်ခဲ့သည်။ ဖွင့်ပွဲနေ့တွင် နိုင်ငံရေးအကျဉ်းသားများ၏ ဓာတ်ပုံများ၊ ဗွီစီဒီများ၊ တီရှပ်များ၊ လက်ကမ်းစာစောင်များ ပြသပေးဝေခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီ ၇ ပါတီ ဆော်သြမှုဖြင့် မြန်မာတနိုင်ငံလုံးတွင် အဖွဲ့ချုပ်ဝင်များ၊ ဂဂ မျိုးဆက်ကျောင်းသားများ၊ တိုင်းရင်းသားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ဖေဖော်ဝါရီ (၁၂)ရက်မှစ၍ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေး လက်မှတ်ရေးထိုးတောင်းဆိုလှုပ်ရှားမှုကို ဆင်နွှဲနေကြသည်။ ♦

(ဥပဒေချိုးဖောက်စစ်အုပ်စု မှ)

*အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ အခန်း ၃၊ ဖွဲ့စည်းခွင့်မရှိသောအသင်းအဖွဲ့များခေါင်းစဉ်ပါ ပုဒ်မ-၅(ဃ)] ကို အသင်း၏နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးဆောင်ဖောက်ဖျက်ကျူးလွန်နေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။... [ကြံ့ဖွံ့]အသင်းသည် - (က) ၁၉၀၈ ခုနှစ်မတရားသင်းဥပဒေ ပုဒ်မ-၁၅(၂) (က) ကိုချိုးဖောက်ကာ [၁၉၉၆ နိုဝင်ဘာ ဗဟန်းတိုက်ခိုက်မှု၊ ၂၀၀၃ မေ ဒီပဲယင်းတိုက်ခိုက်မှု၊ ၂၀၀၇ ဧပြီ ဟင်္သာတ အုတ်ပုံတိုက်ခိုက်မှု၊ ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးအခင်းတိုက်ခိုက်မှု စသည့်] အကြမ်းဖက်သောင်းကျန်းမှုများကို ကျူးလွန်ခဲ့သောကြောင့်လည်းကောင်း၊ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ-၅(ဃ) ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့်လည်းကောင်း၊ အာဏာပိုင်များအနေဖြင့် တရားဥပဒေစိုးမိုးရေးကို အမှန်တကယ်လေးစားမြတ်နိုးသည်ဆိုပါက [ကြံ့ဖွံ့]အသင်းကိုဖျက်သိမ်းရမည်ဖြစ်ကြောင်းနှင့်*

*(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၃/၈၈ အရ မည်သည့်ပါတီမှ ပြည်သူ့ဘဏ္ဍာငွေဖြင့် ရပ်တည်လှုပ်ရှားခွင့်မရှိ၊ ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ်သစ္စာထား၊ ပြည်သူ့တာဝန်ကိုသာ ထမ်းဆောင်ရမည်။ မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းဝင်မျှမဖြစ်စေရ။ 'ဝန်ထမ်းများ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းစွာပြုမူနေထိုင်ခြင်းဆိုင်ရာ နဝတအမိန့်အမှတ် ၁/၉၁' အရလည်းကောင်း [ကြံ့ဖွံ့]အသင်းသည် အထက်ဖော်ပြပါဥပဒေနှင့် အမိန့်တို့ကို အထင်အရှားချိုးဖောက်ကျူးလွန်လျက် ရှိပါသဖြင့် တရားဝင်နိုင်ငံရေးပါတီတရပ်အဖြစ် ရပ်တည်နိုင်ခွင့်ရှိမည်မဟုတ်ကြောင်း။ ” ♦*

(ဖြေဘ် နအဖ မှ)

ဘိန်းစိုက်သူများ ထွက်ပြေးပုံတို့မှာလည်း အကွက်ဆင်ရိုက်ကူး လိမ်ညာထားသည်ဟု လိုင်ဇာဒေသခံများက ပြောသည်။

😊 ထိုင်းကုန်သည်များ တာချီလိတ်မြို့သို့ လာရောက်၍ ဈေးပေါသော တရုပ်ပစ္စည်းများ ဝယ်ရာ၌ တာချီလိတ် တံတားမှ နအဖ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးငွေညှစ်နေခဲ့သည်။ ငွေညှစ်မှုကြိမ်ဖန်များလွန်း၍ မကျေနပ်သည့်ထိုင်းများက ထိုင်းအထက်အရာရှိကို တိုင်ကြားသည့်အခါ ချင်းမိုင်မြို့အခြေစိုက် ခရီးသွားလုပ်ငန်းဥက္ကဋ္ဌကိုယ်တိုင် မတ်လ တတိယပတ်က တာချီလိတ်သို့လာပြီး ဒီဗွီဒီပြားများ ဝယ်ပြန်သွားရာ တံတားပေါ်ငွေညှစ်ချိန်၌ ၎င်းက ခရီးသွားလုပ်ငန်းဥက္ကဋ္ဌဖြစ်ကြောင်း ပြော၍ကန့်ကွက်သည့်အခါ ၎င်းကို ရိုးရိုးထိုင်းကုန်သည်ထက် ၃၀၀ ပိုပြီး ၁,၅၀၀ ယူလိုက်၏။

😊 နအဖစစ်တပ်တွင် မိုးလေဝသဗိုလ်ကြီးခန့်အပ်ရန် အသက် ၂၃ နှစ်အောက် မဟာသိပ္ပံအဆင့်မှီသူ (သို့မဟုတ်) ဂုဏ်ထူးတန်းဒုတိယနှစ်များကိုခေါ်နေရာ လုပ်ချင်သူမရှိဖြစ်နေသည်။

😊 နိဗ္ဗာန်ယာဉ်များကို ရေဝေးသုသာန်မှာထားဖို့ ဂိုဒေါင်များ ဆောက်လုပ်နေချိန်တွင် ရေဝေးနှင့် ထိန်ပင် သုသာန်နှစ်ခုမှာ ကားများကို တဝက်စီခွဲထားရမည်ဟု နအဖအာဏာပိုင်တို့က နာရေးကူညီမှုအသင်းကို မတ် (၁၈)ရက်တွင် ထပ်မံညွှန်ကြားလာပြန်သည်။

😊 မတ် (၁၆)ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေး၌ တရုတ်အစိုးရကိုယ်စားလှယ်ယန်ကျရောင်းက မြန်မာနိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတွင်းအကျိုးစီးပွားအတွက်သာမက နိုင်ငံတကာအသိုင်းအဝိုင်းတခုလုံး အကျိုးစီးပွားအတွက်ပါ လိုအပ်ကြောင်း ပြောသွားခဲ့သည်။ (၂၅)ရက်ညကလည်း တရုတ်ပြည် ယူနန်ပြည်နယ် ရုပ်သံလိုင်းက ဒေါ်အောင်ဆန်းစုကြည်အကြောင်း ထုတ်လွှင့်သွားခဲ့ရာ နအဖစစ်အုပ်စုက တရုတ်အစိုးရ သဘောထားပြောင်းခြင်း မဟုတ်ကြောင်း တပ်တွင်း၌ လိုက်လံဖြေရှင်းနေရ၏။

😊 မတ်လကုန်ပိုင်းက မကွေးတိုင်း ရေစကြိုမြို့နယ် မြေခဲတောင်ရွာကို မယကဥက္ကဋ္ဌ ဦးမြင့်ငွေ က စီမံကိန်းသီးနှံ နွေစပါး လယ်ကေ ၄၀ ကျော်စိုက်ခိုင်းထားရာ ဆည်မြောင်းတာဝန်ခံ ဦးအောင်ကိုဝင်း (ခေါ်) ဦးထောင်ဘိုက ၎င်း၏အုတ်ဖုတ်လုပ်ငန်းအတွက် ဆည်ရေများသုံးခဲ့သဖြင့် လယ်များကို ရေမပေးနိုင်ဖြစ်နေသည်။ ဆည်တာဝန်ခံမှာ မြောင်းကူးတံတားဆောက်လုပ်ရေး အကြောင်းပြ အုတ်ဖုတ်နေသည်မှာ ၃ ဖိုရှိပြီဖြစ်သော်လည်း တံတားကို အကောင်အထည်မမြင်ရသေး။

😊 ကနေဒါနိုင်ငံရောက် မန္တလေးထောင်ပြေး မူးယစ်ကုန်သည်တဖြစ်လဲ စီးပွားရေးသမား ကျုံယွမ်ဦးကျော်မြင့် (ခေါ်) မိုက်ကယ်ဟူဟွာ က ထိုင်းနိုင်ငံအခြေစိုက် ဧရာဝတီမဂ္ဂဇင်းကို ၎င်းနှင့် ၎င်းတည်ထောင်ထားသော ညီညွတ်သောဒီမိုကရက်တစ်ပါတီအား အသရေဖျက်မှုဖြင့် မတ် (၂၄)ရက်တွင် တရားစွဲလိုက်သည်။ အေးရှားဝိခ်မဂ္ဂဇင်း၊ သတင်းထောက်ဘာတီးလ်လစ်တနာ၊ ဂျိန်းထောက်လုမ်းရေးသုံးသပ်ချက်စာစောင်တို့ကလည်း ကျုံယွမ်ဦးကျော်မြင့်၏ ဒုစရိုက်နောက်ကြောင်းများကို ဖော်ထုတ်သတင်းပို့ခဲ့ဖူးသည်။ ဦးကျော်မြင့်ကို ၂၀၀၈ ခု ဇွန် (၁၀)ရက်တွင် မသမာမှုဖြင့် ကနေဒါနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စစ်ဆေးခဲ့ပြီး ၂၀၀၉ ခု မေ (၇)ရက်တွင် ထပ်မံစစ်ဆေးရန် ရုံးချိန်းဆင့်ခေါ်ထားသည်။

😊 မြန်မာနိုင်ငံတွင် လူတဦးချင်းဝင်ငွေမှာ ယခင်နှစ်က ကျပ် ၄ သိန်းခွဲရှိခဲ့ပြီး ယခုနှစ်တွင် ကျပ် ၅ သိန်းနီးနီး ဖြစ်လာသည်ဟု နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မတ် (၃၀)ရက်တွင် ကုန်သည် စက်မှုလုပ်ငန်းရှင်အသင်း အစည်းအဝေး၌ ပြော၏။

😊 ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏ မတ် (၃၁)ရက်နေ့ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်မျက်နှာစုံအစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အလုပ်အမှုဆောင်များ နိုင်ငံရေးပါတီတခုခုကို ကိုယ်စားပြုသူများမဖြစ်ရန် ဟူသည့် သင်းဖွဲ့စည်းမျဉ်းများကို ပယ်ဖျက်ပြင်ဆင်လိုက်၏။ ♦

(စာမျက်နှာ ၆ မှ)

အာဏာပိုင်တို့က စောင့်ကြပ်ကြည့်ရှုခြင်း၊ တရားခွေများသိမ်းခြင်းတို့ကို မကျေနပ်သဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို တင်ပြတောင်းဆိုရန် လှုပ်ရှားခြင်းဖြစ်သည်။ နှစ်စဉ် ဖေဖော်ဝါရီ ၆-၇ ရက်များတွင် စလေမြို့ အဘယလာဘမုနိဓမ္မာရုံ၏ ကျင်းပနေကျတရားပွဲကို အာဏာပိုင်တို့က တားမြစ်ရာမှ ယခုလို လက်မှတ်ထိုးလှုပ်ရှားမှု စတင်လာခြင်းဖြစ်သည်။

💣 မတ် (၂၇)ရက်မနက်တွင် တွံတေးမြို့မှ ကျူရှင်ဆရာ ဦးအောင်ဖေကနိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင် တကိုယ်တော်ဆန္ဒပြရာ အာဏာပိုင်တို့က ဖမ်းဆီးခဲ့သည်။

💣 ကရင်အမျိုးသားအစည်းအရုံး(ကေအဲန်ယူ) တပ်မဟာ ၄ က စကခ-၁၃ လက်အောက်ခံ ဒုရင်းမှူး ဗိုလ်မှူးအောင်မျိုးသိန်းဦးစီး နအဖတပ် ခမရ ၅၅၇ စစ်ကြောင်းကို တနင်္သာရီတိုင်း ပုလောမြို့နယ် အမိုကျေးရွာ၌ မတ်လ ၂၇ ရက်နေ့က အလစ်အငိုက်တိုက်ခိုက်ရာ တပ်ခွဲမှူး ဗိုလ်သက်အောင်(ကြည်း-၃၆၉၂၇)၊ တပ်ကြပ်ကြီးစိုးဝင်း (အမှတ်-၅၇၆၄၈၅)၊ တပ်ကြပ်ကြီးသန့်ဇင်အောင် (အမှတ်-၁၁၈၅၀)နှင့် တပ်ကြပ်ကြီးစိုးသန်း(အမှတ်-၆၇၈၄၉၂)တို့ လေးဦးသေပြီး တပ်ကြပ်ကြီးဇော်ထူးအောင်၊ ဒုတပ်ကြပ်ဇော်လင်းထိုက်၊ ဒုတပ်ကြပ်အောင်ဝင်း၊ တပ်သားဝင်းလွင်ထွန်း၊ တပ်သားရာဇာထွန်း၊ တပ်သားကျော်သူရနှင့် တပ်သားရဲထွတ်အောင်တို့ ဒဏ်ရာရသွားသည်။ ♦

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ မှ ထုတ်ဝေသည်။

(နောက်ကျောဖုံး မင်းမဲ့ဝါဒ မှ)

☹ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ်က အထည်ချုပ်စက် ၁၆၅ ရုံရှိခဲ့ရာမှ ယခုအခါ ၁၅၈ ရုံကျန်ရှိပြီး ၉၀ ရာခိုင်နှုန်းမှာ အချိန်ပိုအလုပ်ချိန် လုံးဝဖြုတ်တောက်လိုက်သည်။

☹ မတ် (၅)ရက်က ပဲခူးတိုင်း ပဲခူးမြို့ဈေးကြီးတွင် ဝက်သတ်လိုင်စင်ရကို ကျင့်စိမ်း၊ ကိုသန့်ဝင်းတို့က ဈေးထဲအသားဟင်းရောင်းသူ မစမ်းစမ်းလှကို ရိုက်နှက်ဖမ်းဆီးရာမှာ ဈေးစည်းကမ်းထိန်းသိမ်းရေးမှူး ဦးသန်းဝင်းနှင့် နအဖ တပ်မ ၇၇ မှ ဗိုလ်ကြီးမျိုးမြင့်အောင်ဆိုသူတို့လည်း ရှိနေခဲ့သည်။

☹ မတ် (၆)ရက်က ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသော ချင်းတိုင်းရင်းသား မိဘမဲ့ဂေဟာနှင့် ကလေးထိန်းဌာန ၅၀ ကို နအဖ အာဏာပိုင်တို့က ပိတ်ပစ်လိုက်သည်။

☹ ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာရွာမှ လယ်သမား ၁၀ ဦး မြေဌားခ ကျပ် ၁၀ သိန်းဖိုးခန့်စပါး မပေးသွင်းနိုင်သဖြင့်ဆိုပြီး ခိုင်းနွားများ၊ လယ်မြေများ၊ လယ်တဲများ၊ ပစ္စည်းများကို နအဖတပ် ခမရ ၄၃၉ က မတ် (၇)ရက်၌ သိမ်းယူလိုက်သည့်အပြင် လယ်သမားများ စိုက်ထားသည့် မတ်ပဲခင်း၊ မြေပဲခင်းများကိုလည်း နှုတ်ယူသွားသည်။ လယ်သမားဦးမြင့်ရွှေကိုလည်း ဗိုလ်ကြီးမျိုးမြင့်အောင် ဦးစီး စစ်ဗိုလ် စစ်သားများကထိုးကြိတ်ပြီး တပ်ထဲတွင် ရက်သတ္တနှစ်ပတ်ကြာ ချုပ်ထားခဲ့သည်။ လယ်သမား (၃၁)ဦးသည် ခမရ ၄၃၉ သိမ်းယူထားသည့် တောရိုင်းမြေများကို တဧက ကျပ်တသိန်းခွဲ အကုန်ခံ လယ်တီခဲ့ရပြီး တဧကလျှင် စပါးတင်း (၂၀)နှုန်း စစ်တပ်ကိုပေးသွင်းရန် သဘောတူညီခဲ့ရသည်။

☹ မတ် (၉)ရက်က ကြပ်ပြေးမြို့တော်ရှိ ဥပ္ပါတသန္တိစေတီ အမည်ခံ ရွှေတိဂုံအတု ထီးတော်တင်ပွဲအတွင်း ချားရဟတ်ပျက်ကျ၍ လူ (၂၀)ခန့်သေဆုံးခဲ့ကြောင်း သတင်းထွက်ခဲ့ရာ နအဖက ငြင်းဆိုခဲ့သော်လည်း ပျဉ်းမနားမြို့ခံများကမူ အနည်းဆုံး ဒဏ်ရာရသူ (၇)ဦးခန့်ရှိသည်ဟုပြောသည်။

☹ နာမည်ကျော် အရီးတောင်း၊ ပင်ပျို့ရွက်နု၊ မြသီဒါ၊ ရွှေပြည်တန် စသည့် လက်ဖက်လုပ်ငန်း ၄၃ ခု၏ လက်ဖက်စိုများတွင် အန္တရာယ်ရှိ အဝါရောင်ဆိုးဆေး Auramine O ပါသဖြင့် မစားသုံးသင့်ကြောင်း နအဖ ကျန်းမာရေးဝန်ကြီးဌာနက မတ် (၁၂)ရက်တွင် သတင်းထုတ်ပြန်ခဲ့သော်လည်း အရီးတောင်းလက်ဖက်လုပ်ငန်း တာဝန်ရှိသူတို့ကမူ လွန်ခဲ့သည့်လကုန်ပိုင်းကမှ ကျန်းမာရေးဝန်ကြီးဌာနက ဆိုးဆေးကင်းစင်ကြောင်းထောက်ခံချက် ပေးထားပြီးသားဖြစ်သည်ဟု ဆိုသည်။ ပိုင်ရှင်ဖြစ်သူ အရီးတောင်းဦးကျော်သိန်းသည် လူထုဒေါ်အမာ၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် နီးစပ်မှုရှိသည်။ နအဖနှင့်နီးစပ်သည့် နာမည်ကျော်ယုဇနလဖက်မှာမူ နအဖ၏ အန္တရာယ်ဆိုးဆေး ထုတ်ပြန်ချက်တွင် မပါဝင်ခဲ့သော်လည်း စင်္ကာပူနိုင်ငံ၌ ဓာတ်ခွဲစစ်ဆေးချက်အရ ဆိုးဆေးပါဝင်သည်ဟု မတ် (၁၀)ရက်တွင် ကြေညာပြီး ပိတ်ပင်လိုက်သည်။

☹ စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော် အသတ်ခံရသည့် နှစ်ပတ်လည်နေ့ဖြစ်သော မတ် (၁၃)ရက်တွင် လက်နက်ကိုင်လုံခြုံရေးများ၊ ရဲကားတန်းများကို ရွှေတိဂုံစေတီ၊ ရွှေဂုံတိုင်၊ လှည်းတန်းအပါအဝင် ရန်ကုန်မြို့နေရာတိုင်းတွင် တွေ့မြင်ရသည်။

☹ မတ် (၁၃)ရက်ညက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မြေး ဖိုးလပြည့် (ခေါ်) နေရွှေသွေးအောင်နှင့် အက်ဆစ်ဂီတအဖွဲ့မှ အဆိုတော် အနဂ္ဂ၊ စီးပွားရေးလုပ်ငန်းရှင်(၄)ဦးတို့ အင်းယားလိပ်ဟော်တယ်မှအပြန် ကား(၃)စီးပြိုင်မောင်းရာမှ ၈ မိုင်လမ်းဆုံတွင် ပြိုင်ဖက်ကားမောင်းသူများက ဖိုးလပြည့်ကားကိုလိုက်တိုက်၍ လိုက်ရိုက်ရာ ဖိုးလပြည့် ကားမောင်းထွက်ပြေးခဲ့ရသည်။ (၁၄)ရက်မနက်၌ အနဂ္ဂနှင့် လုပ်ငန်းရှင်(၄)ဦးကို အာဏာပိုင်တို့က ဖမ်းဆီးလိုက်သည်။

☹ မြန်မာပြည်၏ သယ်ယူပို့ဆောင်ရေး အဓိကမြစ်ကြီးဖြစ်သော ဧရာဝတီမြစ်ကြောင်းတလျှောက် ရေစီးကြောင်းပြောင်းမှုနှင့် သောင်ထွန်းမှုများ ပိုများလာသဖြင့် အထက်မြန်မာပြည်၏ အဓိကသင်္ဘောဆိပ်ကမ်း မန္တလေး ဂေါဝိန်ဆိပ်မှာ မြို့မှ (၁၀)မိုင်ခန့်ဝေးသည့် ရွှေကြက်ယက်ဆိပ်ကမ်းသို့ ပြောင်းရမည့်အခြေဆိုက်နေပြီး မြန်မာပြည်အထက်ပိုင်း ဗန်းမော်ဆိပ်ကမ်းမှာလည်း (၈)မိုင်အကွာရှိ ကမ်းပါးနီဆိပ်ကမ်းသို့ ပြောင်းရွှေ့လိုက်ရသည်။ ပြည်မြို့ဆိပ်ကမ်းမှာလည်း သင်္ဘောများဆိုက်ကပ်ရ ခက်ခဲနေသည်။

☹ ကမ္ဘာပေါ်တွင် လူ ၁၀ ဦးလျှင် ၆ ဦး လက်ကိုင်တယ်လီဖုန်းသုံးနေပြီး အင်တာနက်နည်းပညာ ဆယ်ဆကျော် တိုးတက်နေသည်ဟု ကုလသမဂ္ဂက အစီရင်ခံစာထုတ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရုံးချုပ်ကို နအဖစစ်အုပ်စုက တယ်လီဖုန်းလိုင်းဖြတ်ထားသည်မှာ (၂)နှစ်ကျော်ပြီဖြစ်၍ ၂၁ ရာစုထဲတွင် တယ်လီဖုန်းနှင့်အင်တာနက်မရှိသည့်နိုင်ငံရေးပါတီ ဖြစ်နေသည်ဟု အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

☹ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် ဆယ်တန်းစာမေးပွဲအတွက် စာမေးပွဲဖြေခွင့်ကတ် ထုတ်ရာ၌ ကျပ် ၃,၀၀၀ ပေးရသည်။ ထို့အပြင် နိုင်ငံသားမှတ်ပုံတင်ကတ်လုပ်ရာ၌လည်း ရဲစခန်းကို တထောင်၊ ရယကရုံးကို ၅၀၀ သို့မဟုတ် တထောင်ပေးရသည်။ ဘိုကလေးမြို့နယ်ရှိ ကျောင်းဆရာဆရာမပေါင်း နှစ်ထောင်ကျော်ကိုလည်း လစဉ် လစာထဲမှ ၂၀၀ စီဖြတ်နေသည်။ တိုင်းညွှန်ကြားမှုရုံး အသုံးစရိတ်အဖြစ်လည်း တကျောင်းကိုတသောင်းနှုန်းခန့် တိုင်းရုံးကိုပေးနေရသည်။

☹ ရှမ်းပြည်တောင်ပိုင်း ဟိုမိန်းဒေသတွင် ခွန်ဆာလက်နက်ချ တဖြစ်လဲ ဟိုမိန်းပြည်သူ့စစ် မဟာဂျာအဖွဲ့က အဓမ္မစစ်သားကောက်နေရာ အသက်မပြည့်သေးသည့် ကလေးများကိုယ်စား မိဘဆွေမျိုးများက စစ်သားလုပ်နေရသည်။

☹ ခရိုင်အဆင့်ရှိ မကွေးတိုင်း ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ယခင်က ဆရာဝန် ၃ ဦး ရှိခဲ့ရာမှ ဆေးရုံအုပ်ကြီးမှာ လွန်ခဲ့သည့် ၃ လခန့်က ပင်စင်ယူသွားပြီး ဒေါက်တာသဉ္ဇာဦးမှာ ကိုယ်တိုင် နိုင်ငံရေးမလုပ်၊ နိုင်ငံရေးနားမလည်သော်လည်း ရေနံချောင်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါ်ခင်စောဌေး၏ သမီးဖြစ်သဖြင့် နယ်ပြောင်းခံရသည့်အတွက် ယခုအခါ ဆရာဝန်တဦးသာရှိတော့၍ ဒေသခံများ ဆေးကုသရေး အခက်ကြုံနေရသည်။

☹ မတ် (၁၄)ရက်တွင် ရန်ကုန်တိုင်း သံလျင်မြို့နယ် မယက ဥက္ကဋ္ဌက နောက်တနေ့၌ကျင်းပမည့် အဲန်အယ်လ်ဒီ မြို့နယ်ပုံမှန်လပတ်အစည်းအဝေး ရက်ရွှေ့ဆိုင်းရန် အဖွဲ့ချုပ်မြို့နယ်ဒု-ဥက္ကဋ္ဌ ဒေါ်အေးသန်းကို ခေါ်ပြောခဲ့သည်။ အစည်းအဝေးကို မရွှေ့ဆိုင်းပေးနိုင်လျှင် တိုင်းအဆင့် အဖွဲ့ချုပ်ခေါင်းဆောင်များ မလာအောင်တားပေးရန်လည်း မယကဥက္ကဋ္ဌက ထပ်မံတောင်းဆိုခဲ့ရာ ဒေါ်အေးသန်းကငြင်းပယ်ခဲ့သည်။

☹ ရန်ကုန်၊ မန္တလေးမြို့များတွင် ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မျက်နှာ၊ ရင်သားအပါအဝင် ခန္ဓာကိုယ်အလှ ခွဲစိတ်ပြုပြင်ပေးနေသည့် အလှပြုပြင်ရေးဆိုင်များ များပြားလာနေသည်။

☹ မတ်လလယ်က ဆယ်တန်းစာမေးပွဲကာလအတွင်း မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲကျေးရွာ စာစစ်ဌာနတွင် ကျေးရွာရယကများက တခြားရွာများမှ စာမေးပွဲလာဖြေသည့် ကျောင်းသားများနှင့် မိသားစုများကို ဧည့်စာရင်းတိုင်ခ တညကျပ်ငါးရာနှုန်း ကောက်ခံနေသည်။

☹ မြင်းခြံမြို့ အထက ၁ တွင် မတ်လလယ်က ဆယ်တန်းစာမေးပွဲဖြေ ကျောင်းသားများ စာမေးပွဲခန်းထဲ ခိုးချနိုင်အောင် ကာကွယ်သည့်အနေနှင့် ကျောင်းသားများကို ဆရာများကရှာဖွေရာ၌ ကာယိန္ဒြေပျက်ပြားလောက်အောင် ကြမ်းတမ်းစွာ စစ်ဆေးရှာဖွေသဖြင့် ကျောင်းသားကျောင်းသူများ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရသည်။

☹ ကလေးသူငယ်များအတွက် ထုတ်လုပ်သည့် မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ခွင့်ပြုချက်ရ တိုင်းရင်းဆေးနှစ်မျိုးဖြစ်သော ဒေါ်တွေး ပဋ္ဌမဂေါ်မုတ္တဆေးနှင့် ဒေါ်ကျင် သူငယ်နာဝမ်းနှုတ်ဆေးတို့တွင် ခဲနှင့် စိန် (အာဆင်းနစ်) အဆိပ်ဓာတ်ပါဝင်သည်ဟု မြန်မာနိုင်ငံသားအများစုအခြေချရာ အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖို့ဝိန်းမြို့ စိန့်ဂျိုးဇက် ဒေသန္တရကျန်းမာရေးဌာနက မတ် (၁၇)ရက်၌ ထုတ်ပြန်ကြေညာခဲ့သည်။

☹ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တိုင်းခန်းလှည့်မည်ဖြစ်၍ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် မတ် (၁၈)ရက်က ပိန်းရွာ-သာချောင်လမ်းကို ကားသွားနိုင်အောင် ရယက ဥက္ကဋ္ဌဦးအောင်ကျော်မိုးက ကျေးရွာ(၇)ရွာမှ ဒေသခံများ

(တဖက် ရှု)

(ကျော်ဖိုး လူသတ် မှ)

☠ ဇန်နဝါရီ (၁၇)ရက်က ကရင်ပြည် ညောင်လေးပင်ခရိုင် မုန်းမြို့နယ်တွင် အောင်စိုးမိုးရွာသား စောချိုဖြိုး တောင်ယာသို့အသွားလမ်း၌ နအဖစစ်တပ်က ပစ်သတ်လိုက်သည်။

☠ ဇန်နဝါရီ (၂၄)ရက်တွင် ကရင်ပြည် မုန်းမြို့နယ် စောကီရွာမှ စောမူးရဟိုင်း (၂၅ နှစ်)ကိုလည်း နအဖတပ် ကပစ်သတ်လိုက်သည်။

☠ ဖေဖော်ဝါရီ (၆)ရက်တွင် ကရင်ပြည် မုန်းမြို့နယ် ဆော်မိလုရွာမှ စောမောင်ကြာ (၂၃ နှစ်) သည် နအဖ မြေမြှုပ်မိုင်းနင်းမိ၍ ပွဲချင်းပြီးသေဆုံးသွားသည်။

☠ ဖေဖော်ဝါရီ (၂၆)ရက်က ရခိုင်ပြည် မောင်ဒေါမြို့နယ် ခယ်ပရာမြစ်ကမ်းဘေးတွင် အမှတ်-၆ နယ်မြေ နစကတပ်ဖွဲ့အမိန့်အရ သစ်လုံးများ လှေပေါ်တင်နေသော ရွာသားများကို ကျီးကန်းပြင်ရွာရှိ နစကဌာနချုပ်တပ်က နစကပိုင်သစ်လုံးများ ခိုးသည်ဟုစွပ်စွဲပြီး ပစ်ခတ်ရာ ရွှေဇားရွာသား ရော်ဖီအူလာ (၁၈ နှစ်) နှင့် နူရူးအစ္စလမ် (၃၄ နှစ်) တို့ပွဲချင်းပြီးသေကာ အိုက်ဒရစ် (၃၅ နှစ်) မှာ အပြင်းအထန်ဒဏ်ရာရသွားပြီး မတ် (၃)ရက်၌ သေဆုံးသွားသည်။

☠ ဖေဖော်ဝါရီ (၂၇)ရက်က ရန်ကုန်တိုင်း ဒဂုံမြို့နယ် အလံပြဘုရားလမ်းပေါ်တွင် နအဖ စစ်မှုထမ်းဟောင်းအဖွဲ့၏ သန်မြန်သူ ၇၆ လိုင်းမှ ခရီးသည်တင်ဘတ်စ်ကားတစီး အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကိုဝင်တိုက်ပြီးနောက် ပလက်ဖောင်းပေါ်ရှိ စည်ပင်သာယာ သန့်ရှင်းရေးအလုပ်သမ သားအမိ(၂)ဦးကိုပါ တိုက်ခဲ့ရာ မိခင်ဖြစ်သူ ဒေါ်ခင်မာချို (၄၈ နှစ်) သေဆုံးပြီး သမီးဖြစ်သူ မခင်မာကြူ (၂၃ နှစ်) ဒဏ်ရာအပြင်းအထန်ရသွားသည်။ စစ်မှုထမ်းဟောင်း ယာဉ်မောင်းနှင့် စပယ်ယာတို့ ထွက်ပြေးသွားသည်။ ဖေဖော်ဝါရီ (၂)ရက်နေ့ကလည်း စစ်မှုထမ်းဟောင်းအဖွဲ့မှ သန်မြန်သူ ၈၁ လိုင်းကားတစီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်းပေါ်တွင် စက်ဘီးတစီးအားဝင်တိုက်ရာ စက်ဘီးစီးလာသူ အသက်(၅၀)အရွယ် အမျိုးသားတဦး သေဆုံးသွားသည်။

☠ ရန်ကုန်တိုင်း ခရမ်းမြို့နယ်တွင် အကြွေးမဆပ်နိုင်သဖြင့် မိမိကိုယ်မိမိ သတ်သေသည့်လယ်သမားများမှာ ၆ လအတွင်း (၁၀)ဦးရှိပြီဖြစ်သည်။ ရွာသစ်ကျေးရွာတွင် အသက် ၆၀ ကျော် လယ်သမားဦးစိုးလေး မတ် (၅)ရက်က သူ့ကိုယ်သူ ကြိုးဆွဲချသတ်သေသွားသည်။ ခရမ်းဒေသ၌ နှစ်စဉ်ကျင်းပနေကြ မတ် (၂)ရက် တောင်သူလယ်သမားနေ့အခမ်းအနားကိုလည်း ယခုနှစ်မကျင်းပရန် အာဏာပိုင်တို့က တားမြစ်ခဲ့သည်။

☠ မတ်လပထမပတ်အတွင်းက မန္တလေးအနောက်တောင်မြို့နယ်တွင် ကြက်ငှက်တုပ်ကွေး အဖြစ်များနေပြီး လူသေဆုံးမှုရှိကြောင်း၊ အာဏာပိုင်တို့က ကြက်ခြံများကို မီးရှို့ဖျက်ဆီးခိုင်းနေကြောင်း အတည်မပြုနိုင်သေးသည့်သတင်းများ ရရှိသည်။ သို့ရာတွင် မန္တလေးမြို့ရှိ ဈေးတချို့တွင် ကြက်နှင့်ငုံး ရောင်းချခွင့်ကိုမူ တားမြစ်ထားသည်။

☠ ရခိုင်ပြည် မောင်ဒေါမြို့နယ် စေတီပြင်ရွာမှ ဇီယာဘူဟက် နှင့် အဘူတာဟာ အမည်ရှိညီအစ်ကိုနှစ်ဦးကို စိတ်ကြွဆေးရောင်းသည်ဟု မသင်္ကာမှုဖြင့် မတ် (၅)ရက်တွင် စရဖ စစ်ထောက်လှမ်းရေးက ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက်စစ်ဆေးခဲ့သော်လည်း သက်သေအထောက်အထားမရသဖြင့် နောက်ဆုံးတွင် မိဘဆွေမျိုးများက ကျပ် ၃၅ သိန်းဖြင့် ရွေးယူ၍ မတ် (၁၁)ရက်၌ ပြန်လွတ်လာရာ ဇီယာဘူဟက် (၂၂ နှစ်) မှာ ညှဉ်းပန်းခံရသည့် ဒဏ်ရာများကြောင့် (၁၄)ရက်ည၌ သေဆုံးသွားပြီး အဘူတာဟာ (၄၀ နှစ်) မှာ လမ်းမလျှောက်နိုင်ဖြစ်သွားသည်။

☠ မတ် (၁၃)ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ပြင် မဟာချိုင်ဒေသတွင် ထိုင်းရဲလိုက်ဖမ်းသဖြင့် ချောင်းထဲဆင်းပြေးသည့် မွန်ပြည် သထုံနယ်မှ ပအိုးဝ်အလုပ်သမ မအိအိဝေ(အသက် ၂၄ နှစ်) ရေနစ်သေဆုံးသွားသည်။

☠ မတ် (၂၀)ရက်မနက်၌ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်တွင် မံဝိန်းကြီးကျေးရွာအခြေစိုက် ဒု-တပ်ကြပ်မိုးမြင့် ဦးစီးမူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်ရေးတပ်ဖွဲ့ဝင် အင်အား (၁၀)ယောက်ခန့်က နောင်မွန်းကျေးရွာ လယ်ကွက်များထဲတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို လိုက်လံဖမ်းဆီးပစ်ခတ်ရာ ဖရဲခင်းစောင့် ကချင်ပြည် မန်စီမြို့နယ် နောင်ဂွမ်းရွာသား စိုင်းလုဝေ (အသက် ၃၀ ကျော်) ကျည်သင့် သေဆုံးသွားသည်။

☠ မတ် (၂၇)ရက်က တရုတ်-မြန်မာနယ်စပ် ကြယ်ဂေါင်မြို့တွင် တောင်းရမ်းစားသောက်နေသည် မူဆယ်မြို့ ၄၅ ကုန်းရပ်ကွက်နေ မြန်မာကလေးငယ် မောင်မျိုးကိုကို (၉နှစ်) အသတ်ခံခဲ့ရပြီး ညီဖြစ်သူမောင်ညိုချော (၉ လ) ပျောက်ဆုံးနေသည်။ (၃၀)ရက်နေ့တွင်မှ မျိုးကိုကို၏အလောင်းကို ကြိုးတုပ်လျက်သား ခေါင်းကြေမွလျက် ရွှေလီမြစ်အတွင်း ပြန်တွေ့ရသည်။ ကလေးနှစ်ယောက်ကို လမ်းဘေးမှာစောင့်ခိုင်းထားပြီး အမေဖြစ်သူက ရေသန့်ဗူးခွံသွားကောက်နေစဉ် ပျောက်ဆုံးသွားခြင်းဖြစ်ပြီး လူကုန်ကူးသမားများက တရုတ်စကားတတ်သည့် အကိုဖြစ်သူကို နှုတ်ပိတ်လိုက်ခြင်းဖြစ်နိုင်သည်ဟု ယူဆကြသည်။

☠ မတ် (၂၇)ရက်က ကရင်ပြည် မြဝတီမြို့ အဓိဋ္ဌာန်အောင်ဘုရားဝင်းအတွင်း ဒီကေဘီအေ ကရင်ခွဲထွက် ငြိမ်းချမ်းရေးအဖွဲ့မှ ပြုလုပ်သည့် အာဝါဒေးလောင်းကစားပွဲတော်တွင် အလျော်အစားမတရားမှုကန့်ကွက်သူ အရပ်သား(၂)ဦးကို ဒီကေဘီအေက ပစ်ခတ်သဖြင့် တဦးပွဲချင်းပြီးသေပြီး နောက်တဦး အပြင်းအထန်ဒဏ်ရာရသွားသည်။ အာဝါဒေးပွဲတပွဲလျှင် လောင်းကစားဝိုင်း ၅၀ ခန့်ရှိပြီး တဝိုင်းလျှင် အကောက်ငွေ ငါးသောင်းအထိ ဒီကေဘီအေသို့သွင်းရသည်။

☠ မတ် (၂၉)ရက်က ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် ဟိုပေ့ါရွာသား စိုင်းထွန်းအောင် (၄၀ နှစ်)သည် ပန်ခမ်းရွာသို့အသွား ကင်းလှည့်ရဲကဖမ်းဆီး၍ ငွေ ၅ သိန်းယူကာ သတ်ပစ်လိုက်ပြီး ဆိုင်ကယ်မှောက်သေသည်ဟု ရဲကပြောသည်။

---

(မင်းမဲ့ဝါဒ မှ )

ကို တရက်တည်းအပြီး အဓမ္မလုပ်အားပေးခိုင်းခဲ့သည်။ သို့ရာတွင် အိုင်အယ်လ်အိုတိုင်ကြားသူသာမက ရှေ့နေများပါ ဖမ်းဆီးထောင်ချနေသဖြင့် အိုင်အယ်လ်အို မတိုင်ရဲဖြစ်နေသည်။ အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ စတိဗ်မာရှယ်က *“ကျနော်တို့ဘက်ကတော့ တိုင်လာသမျှ အပြင်ကို သတင်းမပေါက်ကြားအောင် လျှို့ဝှက်ပြီး ထိန်းသိမ်းပေးမှာ ဖြစ်ပါတယ်”* ဟု အာမခံထားသည်။

☹ မတ် (၁၉)ရက်က ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့ ပင်လုံရပ်ကွက်တွင် ဗုံးတလုံးပေါက်ကွဲခဲ့သည်။

☹ မတ် (၂၁)ရက်တွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်က ဘန်ဒါဘန်ခရိုင်၌ နယ်မြေလာရောက်ထောက်လှမ်းနေသော နအဖစစ်သား (၃)ယောက်ကို ဖမ်းမိခဲ့ပြီး ဘင်္ဂလားဒေ့ရှ် ကျေးရွာကာကွယ်ရေးပြည်သူ့စစ်အဖွဲ့ကလည်း နအဖသူလျှို(၂)ဦးကို ဖမ်းဆီးရမိခဲ့သည်။

☹ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်မေဝင်းမြင့်နှင့်အဖွဲ့ချုပ်ဝင် (၇)ဦးသည် မြို့နယ်အမျိုးသမီးအဖွဲ့ ဖွဲ့စည်းရန် မတ် (၂၃)ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နယ်သို့သွားရာ မယက အတွင်းရေးမှူးက မြို့ထဲအဝင်မခံဘဲ မန်ကျီးကန်ရွာ လမ်းဆုံ၌ တားဆီးပိတ်ပင်ခဲ့သည်။

☹ မတ် (၁၇)ရက်က ကွယ်လွန်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်းတွင်းမြို့နယ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှအောင်၏ မိသားစုပိုင်လယ်မြေရှိ အရိုးအိုးဂူကို တဲစုရွာဒေသခံကြံ့ဖွံ့တ်များက (၂၄)ရက်ည၌ ဖျက်ဆီးပစ်လိုက်သည်။ ယင်းဒေသတွင် မိသားစုပိုင်လယ်ယာမြေ၌ အရိုးအိုးဂူဆောက်ခြင်းမှာ ရိုးရာဓလေ့ဖြစ်သည်။

☹ မြန်မာနိုင်ငံ ရခိုင်ပြည် ကျောက်ဖြူမှ တရုတ်ပြည် ချုံကင်းမြို့သို့သွယ်မည့် အမေရိကန်ဒေါ်လာ ၁၀.၅ ဘီလီယံ ကျော် ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး သဘောတူညီချက်ကို တရုတ်ခေါင်းဆောင် လီချန်ချွန်းနှင့် နအဖ အတွင်းရေးမှူး-၁ ဗိုလ်ချုပ်ကြီးတင်အောင်မြင့်ဦးတို့ မတ် (၂၇)ရက်က ရန်ကုန်၌ လက်မှတ်ရေးထိုးလိုက်သည်။

☹ ဖေဖော်ဝါရီ (၂၂)ရက်က ရန်ကုန်မြို့ စော်ဘွားကြီးကုန်း၌ မူးယစ်ရမ်းကားသူများ၏ ရိုက်နှက်မှုခံခဲ့ရသော ဒဂုံတက္ကသိုလ်ဘူမိဗေဒကျောင်းသားများ ဝေဖြိုးကျော်၊ နေလင်းအောင်၊ အောင်ဖုန်း၊ ပြည့်နိုင်ဖြိုးတို့လေးဦးကို မတ် (၂၈)ရက်တွင် ကျောင်းမှတနှစ်ထုတ်လိုက်ပြီး ဝင်ရောက်ဖြန်ဖြေပေးသူ ဆရာဦး အောင်မင်းဦးကိုလည်း ဘားအံတက္ကသိုလ်သို့ နယ်ပြောင်းပစ်လိုက်သည်။ ♦

# NCGUB

ပြည်ထောင်စုမြန်မာနိုင်ငံ
အမျိုးသားညွန့်ပေါင်းအစိုးရ
မှ ထုတ်ဝေသည်။

ဒီမိုကရေစီ လူ့အခွင့်အရေး ဖက်ဒရယ်

NCGUB
77 South Washington Street
Suite 308
Rockville, Maryland 20850
USA
Tel: (301) 424-4810
Fax: (301) 424-4812
E-mail: ncgub@ncgub.net



www.ncgub.net

www.campaignfordemocracy.net




☹ ဇန်နဝါရီ (၂၃)ရက်က ရောဝတီတိုင်း အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူး မြောင်းမြထောင်ကို ဝင်ရောက်စစ်ဆေးစဉ် ငွေကြာယံကျောင်းတိုက်မှ အကျဉ်းကျသံဃာအရှင်အဂ္ဂဓမ္မသည် ထောင်ပုံစံနှင့် မတ်တတ်ရပ်မပြောသဖြင့် ရိုက်နှက်ရန် ထောင်ဝန်ထမ်းကို အမိန့်ပေးစေခိုင်းခဲ့ရာ အချက်သုံးလေးငါးဆယ်ခန့် ရိုက်ခဲ့သည်။

☹ စာမေးပွဲ မဖြေနိုင်သော ရန်ကုန်တိုင်း မရမ်းကုန်း အထက(၁) မှ ၉ တန်းကျောင်းသား (၃)ဦး ဖေဖော်ဝါရီ (၂၈) ရက်ညက ကျောင်းထဲခိုးဝင်ပြီး အဖြေလွှာများ မီးရှို့သည်ကို ဖမ်းမိ၍ ဘုရင့်နောင်ရဲစခန်းတွင် ရိုက်နှက်စစ်ဆေးပြီးနောက် ကမ္ဘာအေးလူငယ်သင်တန်းကျောင်းတွင် ထိန်းသိမ်းထားသည်။

☹ မတ် (၃)ရက်ညက ရန်ကုန် စမ်းချောင်းမြို့နယ် ပဒုမ္မာပန်းခြံထောင့်နှင့် ကမာရွတ်မြို့နယ် လှည်းတန်း မီးပွိုင့်အနီး ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ အသေအပျောက် မရှိ။

(စာမျက်နှာ ၁၀ သို့)

## မလွတ်လပ်ဆုံး တိုင်းပြည်

အမေရိကန်အခြေစိုက် လွတ်လပ်ရေးဂေဟာ Freedom House က ၂၀၀၉ ခုနှစ်အတွက် ကမ္ဘာ့ မလွတ်လပ်ဆုံး (၈)နိုင်ငံစာရင်းကို ဇန်နဝါရီ (၁၂) ရက်က ထုတ်ပြန်လိုက်ရာ မြန်မာနိုင်ငံကို စာရင်းထည့်ထားသည်။ ယင်းနိုင်ငံများမှာ မြောက်ကိုးရီးယား၊ တာ့မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ လစ်ဗျား၊ ဆူဒန်၊ မြန်မာ၊ အီကွေတာဂီနီ၊ ဆိုမာလီယာတို့ဖြစ်သည်။ ♦

## ဘာသာရေး အဖိနှိပ်ဆုံး

သမတဘွတ်ရှ် ရာထူးမှနုတ်ထွက်ခါနီး ဇန်နဝါရီ (၁၆)ရက်တွင် နိုင်ငံ(၈)နိုင်ငံကို ဘာသာရေး ဖိနှိပ်ချိုးဖောက်မှု အဆိုးဆုံးနိုင်ငံများအဖြစ် သတ်မှတ်ခဲ့ရာ ဆော်ဒီအာရေးဗျ၊ ဥဇဘက်ကစ္စတန်၊ မြန်မာ၊ တရုတ်၊ အီရီထရီးယား၊ အီရန်၊ မြောက်ကိုးရီးယား၊ ဆူဒန် တို့ဖြစ်ကြသည်။ ♦

## ကမ္ဘာ့ အဆိုးဆုံး အာဏာရှင်



နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကမ္ဘာ့အဆိုးရွားဆုံးအာဏာရှင် နံပါတ် ၄ အဖြစ် အမေရိကန်နိုင်ငံ ထုတ် Parade ပရိတ်မဂ္ဂဇင်းက မတ် (၂၅)ရက်တွင် ဖော်ပြလိုက်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏အထက်တွင်

နံပါတ် ၁ - ရောဘတ်မူဂါဘီ(ဇင်ဘာဘွေ)
နံပါတ် ၂ - အိုမာအယ်လ်ဘာရှား(ဆူဒန်)
နံပါတ် ၃ - ကင်ဂျုံအီး (မြောက်ကိုးရီးယား) တို့ ရှိပြီး အောက်တွင်
နံပတ် ၅ -ဘုရင်အက်ဘ်ဒူလာ(ဆော်ဒီအာရေးဗျ)
နံပတ် ၆ - ဟူဂျင်းတောင်(တရုတ်)
နံပတ် ၇ - ခါမေနီ(အီရန်)
နံပတ် ၈ - အဖီဝါကီ(အီရီထရီးယား)
နံပတ် ၉ - ဘာဒီမိုဟာမက်ဒေါ့ဖ်(တာ့မင်နစ္စတန်)
နံပတ် ၁၀ - ကာဒါဖီ(လစ်ဗျား) တို့ဖြစ်ကြသည်။

## ထိုင်းနိုင်ငံမှ နိုင်ငံခြားလူဆိုးဂိုဏ်းများ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု ဆက်စပ်ကိုင်တွယ်ရေးဌာန TCCC က ထိုင်းနိုင်ငံ၌ လာရောက်လှုပ်ရှားသောင်းကျန်းနေသော ပြည်ပလူဆိုးဂိုဏ်းများ၏ ဇာတိကို မတ် (၁၆)ရက်၌ စာရင်းထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံ ပါဝင်နေသည်။ ယင်းလူဆိုးဂိုဏ်းများသည် ထိုင်းနိုင်ငံတွင် ငွေစက္ကူအတု၊ ပတ်စပို့အတု၊ အထောက်အထား စာရွက်စာတမ်းအတု၊ လောင်းကစား၊ ငွေလိမ်၊ မိုက်ကြေးခွဲ၊ မူးယစ်ဆေးဝါး၊ လူကုန်ကူး စသည့် တရားမဝင် လုပ်ငန်းများ လုပ်ကိုင်နေကြသည်။

လူဆိုးဂိုဏ်းများ၏ ဇာစ်မြစ်နိုင်ငံများမှာ အင်ဂိုလာ၊ အာဂျင်တီးနား၊ မြန်မာ၊ ကင်မရွန်း၊ ကွန်ဂို၊ ပြင်သစ်၊ အီရန်၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ စင်္ကာပူ၊ တိုင်ဝမ် တို့ဖြစ်သည်။ ♦

## အင်တာနက် ရန်သူ

ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ RSF က အင်တာနက်ကို ပိတ်ဆို့ဖြတ်တောက်မှုအများဆုံး ကမ္ဘာ့နိုင်ငံ (၁၂)နိုင်ငံစာရင်းကို မတ် (၁၂)ရက်ကထုတ်ပြန်လိုက်ရာ မြန်မာ၊ တရုတ်၊ ကျူးဘား၊ အီဂျစ်၊ အီရန်၊ မြောက်ကိုးရီးယား၊ ဆော်ဒီအာရေးဗျ၊ ဆီးရီးယား၊ ကျူနီးရှား၊ တာ့ကမ်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်တို့ဖြစ်ကြသည်။ ♦






## လူ သတ် ယန္တရား

## THE KILLING MACHINE



(စာမျက်နှာ ၁၁ သို့)